# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် | ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၄)၊ အမှတ်(၂၉၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (ဂ)ကြိမ်မြောက် UN Peacekeeping Officer Course ဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (ဂ)ကြိမ်မြောက် UN Peacekeeping Officer Course ဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၂၁

မြန်မာ့တပ်မတော်မှ အရာရှိ၊ စစ်သည်များအနေဖြင့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းတာဝန်များ သိရှိနိုင်စေရန်အတွက် မြန်မာ့တပ်မတော်နှင့် အိန္ဒိယတပ်မတော်တို့ ပူးပေါင်းဖွင့်လှစ်သော ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာသင်တန်း UN Peacekeeping Officer Course ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ပြုလုပ်သည်။


*စာမျက်နှာ ၃ ကော်လံ ၁* ✪


## ယနေ့ ဖတ် စ ရာ


ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ(အပိုင်း-၆) ဆောင်းပါး စာ ၆







ယခုနှစ် မုတ်သုံမိုးကြောင့် သေဆုံးသူပေါင်း ရာနှင့်ချီ ရှိလာသည့် ပါကစ္စတန် နိုင်ငံတကာရေးရာ စာ ၁၅

ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆောင်ရွက်သည် ဆိုရာဝယ် . . . ဆောင်းပါး စာ ၁၆




## သွေးလွန်တုပ်ကွေးကာကွယ်နေထိုင်ရေး လူတိုင်းအလေးဂရုပြုကြရမည့်ချိန်ခါ

မိုးရာသီ ဇူလိုင်၊ ဩဂုတ်လများက သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုအများဆုံးလများဖြစ်သည်။ သွေးလွန်တုပ်ကွေးသည် ခြင်မှတစ်ဆင့် ကူးစက်သောရောဂါများတွင်ပါဝင်ပြီး ကလေးများတွင် ရောဂါပြင်းထန်ပါက နာမကျန်းခြင်းမှသည် အသက်အန္တရာယ်အထိ ဖြစ်ပေါ်နိုင်ခြင်းဖြစ်ရာ မပေါ့ဆသင့်သည့် ရောဂါဖြစ်သည်။

သွေးလွန်တုပ်ကွေးသည် အသက် ၁၅ နှစ်အောက် အရွယ်များတွင် အများဆုံးဖြစ်ပွားတတ်သော်လည်း ယခုအခါ အသက်မရွေး၊ ကျား မ မရွေး၊ တောရွာမြို့ပါမရွေး၊ အချိန်အခါမရွေး ဖြစ်ပွားနိုင်သည်ကို တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ကူးစက်မှုသည် တစ်နှစ်ခြား၊ နှစ်နှစ်ခြားတစ်ခါ မြင့်မားသည်ကို တွေ့ရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိပေးထားသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ရာသီတုပ်ကွေးရောဂါလက္ခဏာနှင့် ဆင်တူခြင်းကြောင့် တုပ်ကွေးများ(အထူးသဖြင့်ကလေးများ) တွင် ဖျားနေသည်ကိုတွေ့ပါက သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်ခြေကို အမြဲထည့်သွင်းစဉ်းစားရန်လိုသည်။ သွေးလွန်တုပ်ကွေးရောဂါကို ဆောလျင်စွာအတည်ပြုပြီး ထိရောက်စွာကုသပါက သေဆုံးနှုန်းကို သိသာစွာလျှော့ချနိုင်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ဒင်ဂီးဗိုင်းရပ်စ်ပိုးကို သယ်ဆောင်သည့် အေးဒီးစ် ခေါ် ခြင်ကျားအကိုက်ခံရခြင်းမှ တစ်ဆင့် ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများသည် ရောဂါပိုးသယ်ဆောင်ထားသည့် ခြင်ကိုက်ခံရပြီး ပျမ်းမျှ ၄ ရက်မှ ၆ ရက်အကြာတွင် စတင်ပြသသည်။ ရောဂါဖြစ်ပွားရာတွင် ဒင်ဂီးအဖျားရောဂါအဆင့် (Dengue fever)၊ သွေးလွန်တုပ်ကွေးရောဂါအဆင့် (Dengue Haemorrhagic fever) နှင့် သွေးလန့်ခြင်း (Dengue Shock Syndrome) အဆင့်ဟူ၍ အဆင့်ဆင့်ဖြစ်ပွားတတ်သည်။

ဒင်ဂီးအဖျားရောဂါလက္ခဏာများမှာ ရုတ်တရက်အဖျားတက်လာခြင်း၊ ခေါင်းကိုက်ခြင်း၊ တစ်ကိုယ်လုံးကိုက်ခဲခြင်း၊ ပျို့ခြင်း အန်ခြင်း၊ မစား/မသောက်ချင်ခြင်း၊ တစ်ခါတစ်ရံ ခန္ဓာကိုယ်တွင် အစက်အပြောက် ပေါ်လာခြင်းတို့ ဖြစ်တတ်ပြီး ရာသီတုပ်ကွေးနှင့် ဆင်တူသောကြောင့် ဒင်ဂီးအဖျားမှန်းပင် မသိလိုက်ကြ။ သွေးပေါင်ချိန်တိုင်းကိရိယာဖြင့် စစ်ဆေးတိုင်းတာပါက လက်ဖျံတွင် အစက်အပြောက်များ ပေါ်လာသည်ကို တွေ့ရတတ်သည်။

သွေးလွန်တုပ်ကွေးနှင့် သွေးလန့်ခြင်း စိုးရိမ်ရသည့် လက္ခဏာများမှာ ခန္ဓာကိုယ်အတွင်း သွေးယိုစီးခြင်းကြောင့် ကော်ဖီမှုန့်ရောင်၊ အညိုရောင်များပါသော အရည်များအန်ခြင်း၊ ဝမ်းမည်းမည်းသွားခြင်း၊ နှာခေါင်းသွေးယိုခြင်း၊ သွားဖုံးကြားသွေးထွက်ခြင်း၊ ခန္ဓာကိုယ်တွင် သွေးခြည်ဥသကဲ့သို့ အနီကွက်များပေါ်လာခြင်း၊ စဖျားသည့်နေ့မှ သုံးရက်မြောက်နေ့တွင် ကိုယ်အပူချိန်ရုတ်တရက်ကျဆင်းသွားခြင်း၊ ရုတ်တရက် ဗိုက်အောင့်လာခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း/ မှိန်းခြင်း၊ ခြေဖျားလက်ဖျားများ လွန်စွာအေးစက်ခြင်း၊ သွေးပေါင်အလွန်ကျဆင်းပြီး နောက်ဆုံးတိုင်းမရဖြစ်ခြင်း၊ အပေါ်သွေး၊ အောက်သွေး ခြားနားချက် ၂၀ မီလီမီတာ မာကျူရီ သို့မဟုတ် ထို့ထက်နည်းခြင်း၊ အစာ/ ရေမဝင်လောက်အောင် အဆက်မပြတ်အန်ခြင်းတို့ဖြစ်ပြီး အဆိုပါ စိုးရိမ်ရသည့် လက္ခဏာတစ်ခုခုတွေ့ရှိပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်းခေါ်ဆောင်ပြသရန်လိုသည်။

သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများကို ပြည်သူများ သိရန်လိုသကဲ့သို့ ခြင်နှင့်ပိုးလောက်လမ်းနှိမ်နင်းရေး (ဖုံး၊ သွန်၊ လဲ၊ စစ်၊ ခပ်၊ လောင်း၊ ထောင်၊ ဖွင့်၊ မြှုပ်၊ ရှင်း၊ မှုတ်) လုပ်ငန်းများကို လည်း ရပ်ကွက်/ကျေးရွာလုံးကျွတ် တစ်ပတ်လျှင်တစ်ကြိမ် ပြုလုပ်ကြရန်၊ ခြင်မကိုက်စေရန် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ခြင်း၊ အိပ်သည့်အခါတိုင်း နေ့ညမရွေး ခြင်ထောင်ဖြင့် အိပ်ခြင်း၊ ခြင်နိုင်ဆေးလိမ်းခြင်းတို့ ပြုလုပ်ရန်လည်းလိုအပ်သည်။

သွေးလွန်တုပ်ကွေးသည် ဒုတိယအကြိမ်ကူးစက်ခံရပါက ပိုဆိုးတတ်ခြင်းကြောင့် အထူးသတိပြုကြရန်လိုသည်။ တစ်ရာသီအတွင်းမှာပင် နှစ်ခါပြန်ဖြစ်နိုင်သည့်ရောဂါဖြစ်ရာ ပေါ့ဆ၍မရသည့် ရောဂါမျိုးဖြစ်သည်။ ခြင်ကိုက်မခံရစေရန် ကာကွယ်နေထိုင်ခြင်း၊ ခြင်နှိမ်နင်းခြင်းတို့ဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးကြပါစေကြောင်း။ ။

## သံအမတ်ကြီး ဦးဇော်ဇော်စိုး ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်



နေပြည်တော် ဇူလိုင် ၂၁

ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဇော်စိုးသည် ၎င်း၏ခန့်အပ်လွှာကို ယမန်နေ့က ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်နန်းတော်၌ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် မဟာ ဗာဂျီယာလောင်ကွန်း ဖရာ့ ဗာဂျီယာ ကလောင့်ကျောင့်ယူဟူဝါထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၁**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

## မြန်မာနိုင်ငံ ပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဟောက်ခန့်ဆုမ်း<br>ကနေဒါနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| ( ခ ) | ဒေါ်မေခိုင်ဝင်း<br>ညွှန်ကြားရေးမှူးချုပ်<br>ဘဏ်လုပ်ငန်းစည်းမျဉ်းနှင့်ကြီးကြပ်<br>စစ်ဆေးရေးဌာနကြီး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ညွှန်ကြားရေးမှူးချုပ်<br>ဥက္ကဋ္ဌရုံး<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါက်တာတိုးမင်းထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း<br>ဝန်ကြီးဌာန |
| ( ခ ) | ဒေါ်သူဇာရှိန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆရာအတတ်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |

### ၂၁ - ၇ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၈၉၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အောင်ပွဲရ အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုခြင်းအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နောင်ချိုမြို့ရှိ အောင်ပွဲရ အရာရှိ၊ စစ်သည်များအား သွားရောက်တွေ့ဆုံဂုဏ်ပြု၊ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ပြည်သူ့ဆေးရုံနှင့် စာသင်ကျောင်းများ ကြည့်ရှုစစ်ဆေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ

## ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ရှမ်းပြည်နယ်ဝန်ကြီး ချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင် ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) ဆောင်ရွက်ကာ ပြန်လည်ထိန်းချုပ်ထားသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့သို့ သွားရောက်၍ နောင်ချို မြို့ရှိ အောင်ပွဲရ အရာရှိ၊ စစ်သည်များအား သွားရောက် တွေ့ဆုံဂုဏ်ပြုကာ အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့် ပြည်သူ့ဆေးရုံနှင့် စာသင်ကျောင်း များ ကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ လိုအပ်သည် များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင် များသည် နောင်ချိုမြို့သို့ရောက်ရှိကြပြီး မြို့နယ် ခန်းမ၌ ကျင်းပပြုလုပ်သည့် အောင်ပွဲရ အရာရှိ၊ စစ်သည်များအား ဂုဏ်ပြုခြင်းအခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စစ်မြေပြင် တစ်ဆင့်မြင့်ရာထူး တိုးမြှင့်ခြင်းခံရသည့် စစ်သည်အား အဆင့်တံဆိပ် တပ်ဆင်ပေးစဉ်။

ထိုသို့ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် တောင်ခမ်းဒေသတစ်ဝိုက်၌ လိုအပ်သည့် ပြင်ဆင် စုဖွဲ့မှုများ၊ ကွပ်ကဲအုပ်ချုပ်မှုများ ဖြည့်ဆည်း ဆောင်ရွက်ကာ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation) ကို တပ်မတော် ၏ အစဉ်အလာကောင်းများနှင့်အညီ အကြမ်းဖက် သောင်းကျန်းသူများကို လေ့ခွက်ချည်းကျန် အလံမလှဲ သည့် စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် စိတ်ဓာတ်များဖြင့် ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲ ချေမှုန်းခဲ့မှုကြောင့် နောင်ချိုမြို့ကို ပြန်လည်သိမ်းပိုက် ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ တပ်မတော်၏ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည့် တိုက်ပွဲဝင် အရာရှိ၊ စစ်သည်များ အား တပ်မတော်ကိုယ်စား၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား မိမိအနေဖြင့် ကျေးဇူးတင်ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းကို ပြောကြားလိုကြောင်း၊ ထိုသို့ ရရှိထားသည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်သွားကြရန် လိုကြောင်း။

အကြမ်းဖက်သောင်းကျန်းသူများကြောင့် ယာယီ နေရပ်စွန့်ခွာနေရသည့် ဒေသခံတိုင်းရင်းသားပြည်သူ များအနေဖြင့် တပ်မတော်ကို မည်မျှယုံကြည်အားကိုး သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်နိုင်ရေး၊

*စာမျက်နှာ ၄ သို့*

❂ ***ရှေ့ဖုံးမှ***

အဆိုပါ ဖွင့်ပွဲအခမ်းအနား သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ် ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာ နိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ် ကြီး H.E. Mr. Abhay Thakur၊ စစ်သံမှူးများ၊ အိန္ဒိယတပ်မတော် မှနည်းပြအရာရှိများ၊ မြန်မာ့ တပ်မတော်မှ သင်တန်းသား အရာရှိများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အဖွင့်မိန့်ခွန်းပြောကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဝန်ကြီးချုပ် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ် ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အဖွင့် မိန့်ခွန်း ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီးက အဖွင့်အမှာစကား ပြောကြား သည်။

ထို့နောက် အိန္ဒိယနိုင်ငံ Center For United Nations Peacekeeping (CUNPK) မှ နည်းပြအရာရှိတစ်ဦးက အိန္ဒိယ နိုင်ငံ၏ UN Peacekeeping Operation တွင် ပါဝင်ဆောင်ရွက် နေမှုအခြေအနေများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် လာကြသည့် (CUNPK)မှ နည်းပြ အရာရှိများ၊ သင်တန်းသားများ နှင့်အတူ အမှတ်တရစုပေါင်း ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သင်တန်းသည် (၈) ကြိမ်မြောက် ဖွင့်လှစ်ခြင်း ဖြစ်ပြီး ၂၀၁၆ ခုနှစ် မှ ၂၀၁၉ ခုနှစ် အတွင်း အရာရှိ ၁၃၀၊ စစ်သည် ၈၄ ဦး တက်ရောက်ခဲ့ကြကာ ယခုသင်တန်းတွင် အရာရှိ ၃၀ တက်ရောက်ကြမည် ဖြစ်ကြောင်း သိရှိရသည်။ သင်တန်းတွင် ကုလ သမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းများ၏ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်းများနှင့် ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂ ငြိမ်းချမ်းရေး ထိန်းသိမ်းရေးအဖွဲ့ များ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များ၊ အရပ်သားများ အား ကာကွယ်စောင့်ရှောက်မှု၊ ကလေးသူငယ်များအား ကာကွယ် စောင့်ရှောက်မှု၊ စစ်ဘက်–အရပ် ဘက် ပူးပေါင်းဆောင်ရွက်မှု၊ ကင်းလှည့်ခြင်း၊ ယာဉ်တန်းလုံခြုံ ရေးဆောင်ရွက်ခြင်း၊ တပ်ခွဲအခြေ ချစခန်း တည်ဆောက်ခြင်း၊ လေ့ကျင့်ခန်း BlueHelmet စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြား ပေးသွားမည်ဖြစ်ပြီး ဩဂုတ်လ ၁ ရက်နေ့အထိ ဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၃ မှ*

လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ကာ စစ်မြေပြင်တွင် အကျိုးရှိစွာ အသုံးချသွားရန်လိုကြောင်း၊ ဆက်လက်၍လည်း ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များကို စစ်သည်တော်ကောင်းတစ်ဦးပီသစွာ လိုက်နာနေထိုင်သွားရန်၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိအောင် လေ့ကျင့်နေထိုင်သွားရန်၊ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိကြရန်နှင့် မိမိ မိသားစု၏ဂုဏ်၊ တပ်မတော်ဂုဏ်ကို ဆက်လက်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

**စားသောက်ဖွယ်ရာများပေးအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နိုင်နိုင်ဦးတို့က စစ်မြေပြင်တွင် စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့မှုကြောင့် စစ်မြေပြင် တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ခြင်းခံရသည့် စစ်သည်များကို အဆင့်တံဆိပ်များ တပ်ဆင်ပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်က အရာရှိ၊ စစ်သည်များအတွက် စားသောက်ဖွယ်ရာများကို ပေးအပ်ရာ တာဝန်ရှိသူများ လက်ခံရယူကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နောင်ချိုမြို့ ဟော်တော်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အင်္ဂသထံ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နောင်ချိုမြို့ရှိ မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပူးပေါင်းဖွင့်လှစ်ထားသည့် ယာယီဆေးရုံအတွင်း လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားစဉ်။

**ချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပူးပေါင်းဖွင့်လှစ်ထားသည့် ယာယီဆေးရုံသို့ ရောက်ရှိကြပြီး ယာယီဆေးရုံအတွင်း လာရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ ဒေသခံပြည်သူများအား ထောက်ပံ့ငွေများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်သည်။

အဆိုပါယာယီဆေးရုံကို ဇူလိုင် ၂၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် ဆေးလာရောက်ကုသသူဦးရေ ၁၆၀ ရှိကြောင်း၊ ကူးစက်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးနိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း၊ အရေးပေါ်ကုသရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် Mobile ဆေးကုသရေးယာဉ်များ မကြာမီရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဒုတိယဝန်ကြီးချုပ်သည် ယာယီဆေးရုံအတွင်း လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားစဉ် ငှက်ဖျားရောဂါကြောင့် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နောင်ချိုမြို့မှ အသက် ၁၅ နှစ်အရွယ် လူနာတစ်ဦးကို ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနိုင်ရန်အတွက် မိသားစုဝင်များနှင့်အတူ ရဟတ်ယာဉ်ဖြင့် တစ်ပါတည်း ခေါ်ဆောင်လာခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ တောင်ရပ်ကွက်ရှိ ဟော်တော်ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အင်္ဂသ အမှူးပြုသော ဆရာတော်သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်း၊ နဝကမ္မအလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး နောင်ချိုမြို့အား ယခင်အေးချမ်းစဉ်ကာလ ဖွံ့ဖြိုးတိုးတက်စည်ပင်မှုထက်ပိုမို၍ ဖွံ့ဖြိုးတိုးတက်စည်ပင်သောမြို့အဖြစ် တစ်ဖန်ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးဆောင်ရွက်သွားမည့် အခြေအနေများနှင့် သာသနာဆိုင်ရာကိစ္စရပ်များ အပါအဝင် ဆရာတော်သံဃာတော်များ၏ ကျန်းမာရေးအခြေအနေများကို လျှောက်ထားရာ ဆရာတော်က ယခုကဲ့သို့ နောင်ချိုမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုအတွက် များစွာဝမ်းမြောက်ကြောင်း ပြန်လည်မိန့်ကြားပြီးနောက် တပ်မတော်သားများအားလုံးအတွက် ဆက်လက်အောင်မြင်မှုများ ရရှိပါစေကြောင်း ဘေးအန္တရာယ်ကင်းရှင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့သပေးသည်။

**ဒေသခံတိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ**

ငင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ မြို့နယ်ခန်းမ၌ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ နောင်ချိုမြို့ကို တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းကြောင်းကြောင့် ခေတ္တစွန့်ခွာခဲ့ရကြောင်း၊ တပ်မတော်သားများသည် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် ၂၄ နာရီတာဝန်ရှိပြီး ပြည်သူများအပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်များရန်မှ ကာကွယ်စောင့်ရှောက်ရမည့် တာဝန်လည်းရှိကြောင်း၊ သို့သော်လည်း အကြမ်းဖက်ဖြစ်စဉ်များတွင် နောက်ကွယ်မှ အဆင့်မြင့်နည်းပညာများဖြင့် ကူညီပေးမှုများ၊ အားပေးအားမြှောက်မှုများနှင့် ထောက်ပံ့ပေးမှုများကြောင့် နောင်ချိုဒေသတစ်ဝိုက်မှ အဆင့်ဆင့် တောင်ခမ်းဒေသနှင့် ပြင်ဦးလွင်-နောင်ချိုမြို့နယ် နယ်နိမိတ်အစပ်အထိ ခွာစစ်ဆင်ခဲ့ရပါကြောင်း၊ နောင်ချိုမြို့နယ်ရှိ ဒေသခံပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လူမှုစီးပွားဘဝ ပြန်လည်ထူထောင်နိုင်ရေးအတွက် မိမိတို့ တပ်မတော်သားများတွင် တာဝန်ရှိသည့်အားလျော်စွာ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စများအား တောင်ခမ်းတပ်နယ်၌ ပြင်ဆင်စုဖွဲ့မှုများပြုလုပ်ပြီး အောင်ဇေယျစစ်ဆင်ရေးဖြင့် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter-Terrorism Operation) ကို ရင်ကိုမြေကတုတ်ဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏ဟု မနက်/ညနေတိုင်း သစ္စာလေးချက်ရွတ်ဆိုကြသူများ ပီပီ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ဆောင်ရွက်ခဲ့၍လည်း ယခုကဲ့သို့ နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ကာ အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် တပ်မတော်က နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ပြီးလျှင်ပြီးချင်း ပထမဆုံးမှာကြားချက်အနေဖြင့် ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည့်အတွက် အတန်းပညာတတ်မြောက်မှသာ အတတ်ပညာကို သင်ယူတတ်မြောက်နိုင်မည်ဖြစ်သည့်အတွက် ပညာတတ်များ ပေါများစေရေး တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကိုအမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပြီး အေးချမ်းပျော်ရွှင်စွာ ကျောင်းသားကျောင်းသူများ ပညာသင်ကြားနိုင်ရေး လမ်းညွှန်မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတော်အစိုးရ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း ကျောင်းများအမြန်ဆုံးဖွင့်လှစ်နိုင်ရေးနှင့် ဇူလိုင် ၂၂ ရက်မှစ၍ ကျောင်းအပ်နှံနိုင်မှု စတင်လက်ခံရန် စီစဉ်ထားပြီးဖြစ်သကဲ့သို့ မိမိအနေဖြင့် မေတ္တာရပ်ခံလိုသည်မှာ မိမိတို့၏ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်နိုင်သည့် မျိုးဆက်သစ်ရင်သွေးငယ်များကို စာသင်ကျောင်းများသို့ မဖြစ်မနေ ပညာသင်ကြားနိုင်ရန် စေလွှတ်ပေးရန်ဖြစ်ကြောင်း၊ ပညာသင်ကြားပေးကြရမည့် ဆရာဆရာမများကလည်း ကျောင်းဖွင့်ချိန် နောက်ကျခဲ့သည့်အတွက် ကျောင်းသင်ခန်းစာများကို ကျောင်းပိတ်ရက်အချို့မှ ရယူ၍ သင်ခန်းစာအကုန်သင်ကြားပေးစေလိုပါကြောင်းနှင့် တတ်မြောက်အောင်လည်း သင်ကြားပေးရန် တိုက်တွန်းလိုပါကြောင်း၊

*စာမျက်နှာ ၅ သို့*

◆ **နောင်ချိုမြို့နယ်ရှိ ဒေသခံပြည်သူများ၏ ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် လူမှုစီးပွားဘဝ ပြန်လည်ထူထောင်နိုင်ရေးအတွက် မိမိတို့ တပ်မတော်သားများတွင် တာဝန်ရှိသည့်အားလျော်စွာ လိုအပ်သည့် အုပ်ချုပ်မှုကိစ္စများအား တောင်ခမ်းတပ်နယ်၌ ပြင်ဆင်စုဖွဲ့မှုများပြုလုပ်ပြီး အောင်ဇေယျစစ်ဆင်ရေးဖြင့် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကို ရင်ကိုမြေကတုတ်ဖြင့် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏ဟု မနက် / ညနေတိုင်း သစ္စာ(၄)ချက်ရွတ်ဆိုကြသူများပီပီ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ဆောင်ရွက်ခဲ့၍လည်း ယခုကဲ့သို့ နောင်ချိုမြို့အား ပြန်လည်ထိန်းချုပ်ကာ အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နောင်ချိုမြို့မရဲစခန်း၌ ရဲတပ်ဖွဲ့ဝင်များအား ချီးမြှင့်ငွေများ ပေးအပ်စဉ်။

*စာမျက်နှာ ၄ မှ*

ဒုတိယအချက်အနေဖြင့် ကျန်းမာရေးဆိုင်ရာ ကိစ္စဖြစ်ပြီး (၂၅) ခုတင်ဆံ့ နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကိုလည်း အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်အတွက် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် အမြန်ဆုံးပြန်လည်ပြုပြင်ပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ တတိယအချက်အနေဖြင့် နောင်ချိုမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန်အတွက် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း၊ ထို့ကြောင့် နောင်ချိုမြို့နှင့် ပတ်ဝန်းကျင်အနီးရှိကျေးရွာများ အစိုးရ၏ အုပ်ချုပ်မှုယန္တရားလည်ပတ်နိုင်ရေးအတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများအနေဖြင့် တပ်မတော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် ယခုနှစ်ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်မည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပသွားမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသည့် မည်သူမဆို ပါဝင်မဲပေးခွင့်ရရှိရေး လိုအပ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများကို အကြောင်းအမျိုးမျိုးကြောင့် ပျောက်ဆုံးခဲ့လျှင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ ဝန်ထမ်းများက အမြန်ဆုံး ပြန်လည်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူလူထုကို အလုပ်အကျွေးပြုနေကြသူများဖြစ်သည့်အတွက် ပြည်သူများအပေါ် စိတ်ရင်းစေတနာထားကာ ဝန်ဆောင်မှုများ ပေးအပ်သွားကြရမည်ဖြစ်ကြောင်း၊ မိမိမြို့/ရွာကို မိမိတို့က ပြန်လည်တည်ဆောက်ရမည်ဖြစ်သဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဖျက်ဆီးခဲ့သည့် နေအိမ်များ၊ ရုံးဌာနအဆောက်အအုံများနှင့် လမ်းတံတားများ အမြန်ဆုံးပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် တစ်ပိုင်တစ်နိုင်ဆောင်ရွက်ခြင်းအပြင် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်းနှင့် နောင်ချိုဒေသအား မူလအခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိပြီး မူလအခြေအနေထက် သာလွန်ကောင်းမွန်သည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း၊ မြို့ရွာများ အမြန်ဆုံးစည်ပင်ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဒေသခံတိုင်းရင်းသားပြည်သူများအတွက် ဆန်၊ ဆီ၊ ဆားစသည့် စားသောက်ကုန်ပစ္စည်းများနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးအပ်သည့်ပစ္စည်း ၁၆ မျိုးပါ Family Kit များကိုထောက်ပံ့ပေးအပ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား ရပ်မိရပ်ဖနှစ်ဦးက လက်ခံရယူသည်။ နောင်ချိုမြို့သို့ ပြန်လည်ရောက်ရှိနေထိုင်ကြသည့် ဒေသခံပြည်သူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ထောက်ပံ့ပေးသည့် အမယ်စုံပစ္စည်းများနှင့် ရိက္ခာများကို ဇူလိုင် ၁၈ ရက်တွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တပ်မတော်အရာရှိကြီးများက အပြည့်အစုံပေးအပ်ထားပြီးဖြစ်ကြောင်း သိရှိရသည်။

## အားပေးစကားပြောကြား

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အားပေးစကားပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး အကြမ်းဖက်သောင်းကျန်းသူများ ဖျက်ဆီးခဲ့သည့်အရေးပေါ်ခွဲစိတ်ခန်းအပါအဝင် ဆေးရုံအတွင်း ပျက်စီးမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး ဆေးရုံအတွင်းနှင့် အပြင် ပျက်စီးမှုများကို အမြန်ဆုံးဖယ်ရှားရှင်းလင်းရေး၊ ဖယ်ရှားရှင်းလင်းစဉ် ဆယ်တင်အသုံးပြု၍ရသည့် ပစ္စည်းများကို ပြန်လည်စမ်းစစ်မှုများ ပြုလုပ်ကာ အသုံးပြုနိုင်ရေး၊ ဆေးရုံအတွင်း/အပြင်သန့်ရှင်းသာယာလှပရေး၊ ရေ၊ မီး၊ မိလ္လာစနစ်ကောင်းမွန်စေရေးတို့ကို အမြန်ဆုံးပြန်လည်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများကို မှာကြားသည်။

> ❑ **နောင်ချိုမြို့ရှိ ပြည်သူများ၏ ယုံကြည်မှုပြန်လည်ရရှိရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားအား အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အဆင့်ဆင့် ပြန်လည်ဖွဲ့စည်းဆောင်ရွက်သွားရန်၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ဆုံးရှုံးမှုမရရှိရေး လိုအပ်သည်များ ကြိုတင်စီစဉ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအနေဖြင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိကင်းရှင်းစွာ ဝန်ဆောင်မှုပေး**

## ချီးမြှင့်ငွေများပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် မီးသတ်ဦးစီးဌာနရုံးသို့ ရောက်ရှိကြပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့်အတူ ပါဝင်ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းအတွင်းရှိ ပတ္တမြားခန်းမ၊ စာသင်ဆောင်များ၊ ကျောင်းအုပ်ကြီးရုံးခန်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများက ဇူလိုင်လ ၂၂ ရက်မှစတင်၍ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှုကို လက်ခံပေးသွားပြီး အတန်းအလိုက် သင်ခန်းစာများ ပြန်လည်သင်ကြားပေးသွားမည့် အစီအမံများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးချုပ်က ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းဥပစာရပ်ကောင်းမွန်စေရေး သန့်ရှင်းရေးဆောင်ရွက်သွားရန်နှင့် ပြန်လည်ပြုပြင်ရမည့် စာသင်ဆောင်များကို အမြန်ဆုံးဆောင်ရွက်သွားရန် မှာကြားပြီး ဆရာ ဆရာမများ၏ နေထိုင်စားသောက်မှု အဆင်ပြေစေရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

## လိုက်လံကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် နောင်ချိုမြို့မရဲစခန်းသို့ ရောက်ရှိကြပြီး ရဲစခန်းဝင်းအတွင်း အကြမ်းဖက်သောင်းကျန်းသူများက အဆောက်အအုံများကို ဖျက်ဆီးခဲ့မှုနှင့် အခိုင်အမာခံစစ်စခန်းတည်ဆောက်ထားရှိမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရဲတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်စဉ်ကာလအတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ နိုင်ငံတော်နှင့် မိမိအဖွဲ့အစည်းအပေါ် သစ္စာရှိစွာ ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားကာ ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် နောင်ချိုစည်ပင်သာယာရေးရုံးသို့ ရောက်ရှိကြပြီး ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နောင်ချိုမြို့ရှိ ပြည်သူများ၏ ယုံကြည်မှုပြန်လည်ရရှိရန်အတွက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ရေး၊ အစိုးရအုပ်ချုပ်မှုယန္တရားအား အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေး မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအလိုက် အဆင့်ဆင့် ပြန်လည်ဖွဲ့စည်းဆောင်ရွက်သွားရန်၊ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ဆုံးရှုံးမှုမရရှိရေး လိုအပ်သည်များ ကြိုတင်စီစဉ်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းများအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဂတိကင်းရှင်းစွာ ဝန်ဆောင်မှုပေးရန်၊ အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် ဌာနဆိုင်ရာအဆောက်အအုံများနှင့် ဒေသခံပြည်သူများ၏ ပျက်စီးသွားသည့် အဆောက်အအုံများကို Level I/II စစ်ဆေး၍ လိုမေ့ာ်နှင့် အနီရောင်အဆင့် ခွဲခြားသတ်မှတ်ကာ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီမှ ထုတ်ပြန်ထားသည့် လုပ်ငန်းအစီအမံအတိုင်း အဆင့်လိုက် အမြန်ဆုံးဆောင်ရွက်ကြရန်နှင့် ဦးစားပေးအဖြစ် စာသင်ကျောင်းနှင့် ဆေးရုံအား ချက်ချင်းစတင်ဆောင်ရွက်ရန်၊ နောင်ချိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှလည်း နောင်ချိုမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများသို့ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်မှုအာဏာစက်၊ ဘာသာသာသနာ၏ ဓမ္မစက်နှင့် တရားဥပဒေစိုးမိုးမှုအောက်သို့ အေးချမ်းစွာ နေထိုင်လိုပြီး မိမိတို့၏ လူမှုစီးပွားဘဝအတွက် ရိုးသားစွာလုပ်ကိုင်စားသောက်လိုသည့် မည်သည့် ဒေသခံတိုင်းရင်းသားမဆို မိမိတို့၏ ရပ်ကွက် အိုးအိမ်များတွင် အမြန်ဆုံးနေထိုင်မည်ဆိုပါက စနစ်တကျ စိစစ်၍ ပြန်လည်နေထိုင်နိုင်ရေး လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းစီမံချက်များရေးဆွဲခြင်း အပတ်စဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ၍ လုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေး ဆောင်ရွက်သွားကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ(အပိုင်း-၆)

## အချိန်လေးစားမှုနှင့် စာကြည့်တိုက်အသုံးပြုမှုများ

*ဒေါက်တာမျိုးကြွယ်(ပါမောက္ခချုပ်-ငြိမ်း)*

ဒီတစ်ခါတော့ စာရေးသူကြုံတွေ့ခဲ့ရသည့် နိုင်ငံတကာကျင့်သုံးနေသော အချိန်မှန်မှု၊ အချိန်လေးစားမှုအကြောင်းကို ပထမဆွေးနွေးပါမည်။

ပထမဆုံး စာရေးသူဂျာမနီနိုင်ငံတွင် စိုက်ပျိုးရေးပါရဂူသင်တန်းတက်ရောက်စဉ်က စာမေးပွဲဖြေဆိုအပြီး ဘူတာဆင်းချိန်ဖြစ်ပါသည်။ အိတ်တွေပါလို့ ဆရာက ကားဖြင့်လိုက်ပို့မည်ပြော၍ အဆောင်ရှေ့မှ စောင့်နေပါသည်။ သူတို့ဆီက ရထားများမှာ ဒေသဆိုင်ရာ ရထားဖြစ်သော်လည်း အမြဲတမ်းအချိန်မှန်ပါသည်။ ဂူတင်ဂန် (Goettingen) နှင့် ကတ်ဆယ်မြို့ (Kassel) ပြေးဆွဲရာ တစ်နာရီ တစ်စီးရှိပြီး အမြဲတမ်းနာရီတိုင်း၏ ၁၅ မိနစ်ဆိုလျှင် စာရေးသူတို့ တက္ကသိုလ်ရှိရာ မြို့ကလေး ဝတ်ဆင်းဟော့ဆင် (Witsenhausen) သို့ ရောက်လာပါသည်။ ထိုနေ့က ၉ နာရီ ၅ မိနစ်ရှိပြီ ဖြစ်သော်လည်း စာရေးသူ၏ ဆရာကရောက်မလာသေး။ စာရေးသူက စိတ်ပူတတ်သည့်လူ၊ စိတ်ပူနေပါပြီ။ ထိုရထားလွဲပါက ဖရန့်ဖွတ်လေဆိပ် (Frankfurt Airport) ရှိ လေယာဉ်လည်း မီမည်မဟုတ်တော့ပါ။ ခဏနေတော့ ပျာပျာယာယာဖြင့် ဆရာရောက်လာပြီး ဘူတာသို့ လိုက်ပို့ပါတော့သည်။ မြို့ကလေးကသေးတော့ ဘူတာရုံကလည်း သေး၊ စာရေးသူတို့လည်း အရောက် ရထားလည်းအဝင် ကွက်တိပါပဲ။ (ကံကောင်းလို့ပေါ့။)

နောက်တစ်ခါ အချိန်တိကျမှုက စာရေးသူ ပါမောက္ခချုပ်ဘဝ ၂၀၁၆ ခုနှစ် ဂျပန်နိုင်ငံ တိုကျိုစိုက်ပျိုးရေးတက္ကသိုလ် (TUA – Tokyo University of Agriculture/Tokyo Nodai) မှ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား (Fresher Welcome) ဖိတ်ပွဲမှာပါ။ ဤတိုကျိုပုဂ္ဂလိကစိုက်ပျိုးရေးတက္ကသိုလ် (Tokyo Nodai – TUA Tokyo University of Agri–culture)က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ဆရာ၊ ကျောင်းသားအချင်းချင်း လေ့လာရေး၊ သုတေသနပူးတွဲလုပ်ဆောင်ရေး စသည့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးထားသဖြင့် နှစ်စဉ်နိုင်ငံတကာ စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များမှ ပါမောက္ခချုပ်/အကြီးအကဲများကို ဖိတ်ကြားပြီး မိတ်ဆက်စကားပြောကြားခိုင်းပါသည်။ သူတို့အချိန်တိကျပုံမှာ စာရေးသူအပါအဝင် ကျောင်းအုပ်ချုပ်ရေးအဖွဲ့က နံနက် ၉ နာရီမထိုးခင် ၁၀



ဂျာမနီနိုင်ငံ၌ စာရေးသူတို့ ကျောင်းသားဘဝက စီးခဲ့ရသောရထားလေး။

မိနစ်အလို (၈ နာရီ မိနစ် ၅၀ )ခန့်တွင် ခန်းမကြီး၏ စင်မြင့်ပေါ်၌ ကြိုတင်နေရာယူထားကြပါသည်။ အခမ်းအနားမှူးလုပ်သူက နာရီတကြည့်ကြည့်။ ဘာလုပ်နေသလဲဆိုတော့ ၉ နာရီတိတိ အချိန်မှာ မိနစ်စက္ကန့်မလွဲဘဲ အခမ်းအနား စပါတော့သည်။ အဲဒီလောက်အထိ အချိန်လေးစား၊ တိကျသူများပါ။

အခမ်းအနားစတင်တော့ ကျောင်းသားကြီးတစ်ဦးက နိုင်ငံတော်သီချင်းကို ဦးဆောင်သီဆိုရင်း ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ၊ ဧည့်သည်တော်များအားလုံး သီဆိုပါသည်။ ပြီးလျှင် ပါမောက္ခချုပ်က အဖွင့်မိန့်ခွန်းပြောပြီးသည်နှင့် စာရေးသူက ဧည့်သည်တော်အနေဖြင့် ဟောပြောရပါသည်။ အခမ်းအနားက တစ်နာရီခန့်သာ ကြာမြင့်ပြီး ကျောင်းသား ကျောင်းသူနှင့် မိဘများ တက္ကသိုလ်အတွင်း လှည့်လည်ပြသကာ နေ့လယ်စာပါကျွေးမွေးပါသည်။ တိုကျိုမြို့ပေါ်ရှိ ဆက်တာဂါယနယ်မြေ (Satagaya Campus, Tokyo) နှင့် ဟော့ကိုင်းဒိုးကျွန်းရှိ အဘာရီရှီမြို့ အုပ်ဆုနယ်မြေ (Okhotsk Campus, Abashiri, Hokkaido) နှစ်နေရာစလုံး သွားရောက်ခဲ့ရပါသည်။

ဆရာကြီးတစ်ယောက်က ပြောဖူးပါသည်။ လူကြီးတစ်ယောက် အချိန်မီရောက်မလာလို့ တစ်မိနစ် နောက်ကျသွားလျှင် အခမ်းအနားတက်ရောက်သူ ၅၀၀ ရှိပါက မိနစ် ၅၀၀ (အချိန်အလဟဿ) ဖြစ်သွားတာပဲဟု ဆိုပါသည်။ ထို့ကြောင့် စာရေးသူက အချိန်နှင့် ပတ်သက်လာလျှင် အစားအသောက် တွေ့ဆုံဖို့ချိန်း (Appointment for Restaurant) သည်မှအစ အွန်လိုင်းမှ ဟောပြောပွဲသင်တန်းများ (Online Training, Webinars) အဆုံး အချိန်ကို တတ်နိုင်သလောက် အတိအကျစပါသည်။ တစ်ခါတလေ စာရေးသူက စောနေပါက စီစဉ်သူများမှာ အဆင်သင့်မဖြစ်သေး၍ အားနာနေရပါသည်။ မိတ်ဆွေတချို့က ‘ဒါမြန်မာစံတော်ချိန် မဟုတ်ဘူးလေ’ ပြောပြီးတော့စကြ၊ နောက်ကြပါသည်။ ဘာပဲပြောပြော လူကြီးလုပ်သူက အချိန်ကို လေးစားလျှင် အားလုံးလေးစားသွားပါလိမ့်မည်။ တချို့ သုတေသနစာတမ်းဖတ်ပွဲများတွင်လည်း မေးခွန်းမေးတာကို တိုတိုတုတ်တုတ်ဆိုလိုရင်းကိုသာ မေးသင့်ပါသည်။ တချို့က မေးခွန်းမေးနေတာလား၊ ထိုဘာသာရပ်ကို မိမိက ဘယ်လောက်တော်ကြောင်း၊ ဘာတွေလုပ်ခဲ့ကြောင်း ရှင်းပြနေတာလား မသဲကွဲဘဲ ဆွေးနွေးပွဲအချိန်တော်တော်များများကို သူတစ်ဦးတည်းက ယူသွားလေ့ရှိ၍ သတ်မှတ်အချိန် မပြီးကြတော့ဘဲ ကော်ဖီချိန်၊ နေ့လယ်စာစားချိန်များ နောက်ကြကုန်ကြပါသည်။ ဖုန်းဆက်လျှင်လည်း တချို့ဆို နာရီဝက်ကျော်ကျော်လောက်အထိ ပြောနေသည်ကို တွေ့ဖူးပါသည်။ စာရေးသူကတော့ လိုရင်း၊ တိုရှင်း အများဆုံး ၂ – ၃ မိနစ်လောက်ပါပဲ။ (တစ်ခါတလေ တစ်ဖက်သား စကားပြောမပြီးခင် ဖုန်းချပစ်မိ၍ သတိထားရပါသည်။)

နိုင်ငံခြားတိုင်းပြည်များတွင် အချိန်ကိုသာမဟုတ် ရေ၊ မီးကိုလည်း ချွေတာပါသည်။ ဂျာမနီတွင် စာရေးသူအဆောင်၌ ထမင်းစားပြီး ပန်းကန်များဆေးကြောနေရာ တစ်ချပ်ပြီးမှတစ်ချပ် ဆပ်ပြာနှင့်ဆေး၊ ပြီးမှရေဆေးလုပ်နေရာ ဂျာမန်ကျောင်းသားတစ်ယောက်က ‘ပန်းကန်တွေအားလုံး ရေဆေးဇလုံခွက်/ဘေစင် (Basin) ထဲမှာစိမ်ထား၊ ဆပ်ပြာနဲ့ ဆေးပြီး အဝတ်ခြောက်နဲ့ သုတ်ကွ၊ ရေချွေတာရမယ်ဆိုပြီး သင်ပေးပါသည်။ တဖန်လျှပ်စစ်မီးဆိုလျှင်လည်း စင်္ကြံလမ်း (Corridor) မီး၊ လမ်းမီးတချို့မှာ လူအရိပ်မြင်မှ မီးလင်းပါသည်။ လူမရှိပါက အလိုလိုပိတ်သွားသော ပရိုဂရမ်ထည့်ထား၍ မီးကိုအလိုအလျောက် ချွေတာပြီးဖြစ်နေပါသည်။

နောက်စာကြည့်တိုက်အကြောင်း ဆက်ဆွေးနွေးရအောင်ပါ။ စာရေးသူက စိုက်ပျိုးရေးဆိုင်ရာ ပညာပေးဆောင်းပါးများကို သတင်းစာ၊ လယ်ယာစီးပွားသတင်း (Agribusiness News)၊ အစိမ်းရောင်လမ်း (Greenway App.) တို့တွင် ရေးသားနေရာ ကုန်ကြမ်းအဖြစ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စာကြည့်တိုက်မှ စာအုပ်၊ စာတမ်းများ ငှားရမ်းဖတ်ရှုလေ့ရှိပါသည်။ သတိထားမိသည်မှာ နိုင်ငံတကာတက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် နှိုင်းယှဉ်ကြည့်လျှင် မိမိတို့ စာကြည့်တိုက်သို့ လာရောက်မှု၊ ငှားရမ်းမှုနည်းပါးနေပါသည်။ အခြေအနေအရ အင်တာနက်ခေတ်၊ ဒစ်ဂျစ်တယ်ပညာရေးခေတ် (Digital Education Era) ဖြစ်နေ၍ မိမိအိမ်၊ အဆောင်မှာပဲ နေကြသလားဟု ထင်မြင်မိရာ စာရေးသူ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့သို့ ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းက ခေတ္တအလည်အပတ်သွားခဲ့ရာ စာရေးသူ၏ တပည့်ဟောင်းအချို့နှင့်အတူ ဆစ်ဒနီမြို့အတွင်း လေ့လာရေး သွားရောက်ခဲ့ပါသည်။ သူတို့နိုင်ငံအတွင်း လမ်းဘေး၊ ပန်းခြံဘေး၊ နောက်ဆုံး ဈေးဝယ်နေရာကြီးများရှိ အများသုံးအိမ်သာဘေးမှအစ စာကြည့်တိုက်ကလေးများ ရှိနေပြီး ငှားရမ်းဖတ်ရှုနိုင်ရန် စီစဉ်ပေးထားပါသည်။

ထို့အတူ တက္ကသိုလ်နယ်မြေအတွင်း စာကြည့်တိုက်များတွင်လည်း ငြိမ်သက်စွာ လေ့လာ၊ စာဖတ်နေသော ကျောင်းသား ကျောင်းသူများစွာကို တွေ့ခဲ့ရပါသည်။ *စာမျက်နှာ ၇ သို့*

- **တချို့သုတေသနစာတမ်းဖတ်ပွဲများတွင်လည်း မေးခွန်းမေးတာကို တိုတိုတုတ်တုတ်ဆိုလိုရင်းကိုသာ မေးသင့်ပါသည်။ တချို့က မေးခွန်းမေးနေတာလား၊ ထိုဘာသာရပ်ကို မိမိကဘယ်လောက်တော်ကြောင်း၊ ဘာတွေလုပ်ခဲ့ကြောင်း ရှင်းပြနေတာလား မသဲကွဲဘဲ ဆွေးနွေးပွဲ အချိန်တော်တော်များများကို သူတစ်ဦးတည်းက ယူသွားလေ့ရှိ၍ သတ်မှတ်အချိန် မပြီးကြတော့ဘဲ ကော်ဖီချိန်၊ နေ့လယ်စာစားချိန်များ နောက်ကြကုန်ကြ**
- **နိုင်ငံတကာတက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် နှိုင်းယှဉ်ကြည့်လျှင် မိမိတို့ စာကြည့်တိုက်သို့ လာရောက်မှု၊ ငှားရမ်းမှုနည်းပါးနေ**




ဆစ်ဒနီမြို့လမ်းဘေးရှိ စာကြည့်တိုက်ကလေးတစ်ခု။

*စာမျက်နှာ ၆ မှ*

စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင်လည်း ရပ်ကွက်/ မိသားစုစာကြည့်တိုက် (Community Library) များတွင် ကလေးစာဖတ်ခန်း၊ လူငယ်စာဖတ်ခန်း၊ လူကြီးများအတွက်နေရာ စသည်ဖြင့် သတင်းစာမှအစ၊ ကွန်ပျူတာဖြင့် အီလက်ထရွန်နစ်စာရွက်များ (e-documents)ကို ဖတ်ရှုနိုင်ရန် အခန်းများတွင် ပြည်သူလူထုအားလုံး ဖတ်ရှုလေ့လာနေသည်ကို လေးစားဖွယ် မြင်တွေ့ခဲ့ရပါသည်။

**စာရေးသူ၏အတွေးတစ်စ**

(၁) စာကြည့်တိုက်များသည်

(က) ပညာရေးအတွက် လိုအပ်မှု၊ သတင်းစာများ၊ ဂျာနယ်များ၊ အီလက်ထရောနစ်စာအုပ်များ (eBooks)၊ ပုံနှိပ်စာအုပ်များအား အခမဲ့လေ့လာနိုင်သည့်နေရာဖြစ်ပါသည်။ ကျောင်းသား၊ ဆရာ၊ သုတေသနပညာရှင်များအတွက် လေ့လာသင်ယူမှုများကို အထောက်အကူပြုပါသည်။ စာဖတ်ခန်းများ၊ သုတေသနများအတွက် တိတ်ဆိတ်သောနေရာများ ပံ့ပိုးပေးပါသည်။



ဆစ်ဒနီမြို့မှ စာကြည့်တိုက်မြင်ကွင်း။

(ခ) သတင်းအချက်အလက် စုဆောင်းမှု၊ ကျေးလက်ဒေသ၊ နည်းပညာအားနည်းသည့် ဒေသများတွင် သတင်းအချက်အလက်ရယူနိုင်စွမ်း တိုးတက်စေသည်။ ကွန်ပျူတာ၊ အင်တာနက်၊ ဒေတာဘေ့စ်/အချက်အလက်များ (Data-base) ကို အခမဲ့အသုံးပြုခွင့်ပေးသည်။

(ဂ) ယဉ်ကျေးမှုထိန်းသိမ်းမှု၊ စာပေ၊ သမိုင်းမှတ်တမ်း၊ ရိုးရာဗဟုသုတများကို ထိန်းသိမ်းပေးပါသည်။ တိုင်းရင်းသားဘာသာစကားများ၊ မိမိဒေသတွင်း နည်းပညာများကို မြှင့်တင်ပါသည်။

(ဃ) အဖွဲ့အစည်းဖွံ့ဖြိုးရေး၊ အများပြည်သူအတွက် သင်တန်းများ၊ ဆွေးနွေးပွဲများ ပြုလုပ်နိုင်ပါသည်။ မည်သူမဆို ဝင်ရောက်သုံးစွဲနိုင်သည့် နေရာများဖြစ်ပါသည်။

(င) စာဖတ်မှုချစ်ခြင်းဓလေ့ (Book reading lovers/habits) တိုးတက်စေရန်၊ မူလတန်းအရွယ်မှစပြီး လူကြီးများအထိ စာဖတ်အလေ့အထများ ဖွံ့ဖြိုးစေပါသည်။ စာဖတ်စာကြည့်နိုင်သော အစီအစဉ်များ၊ စာအုပ်ဝယ်ယူရန် မတတ်နိုင်သူများအတွက် စာဖတ်နိုင်ရေး၊ စာတတ်နိုင်ရေး အားပေးပါသည်။

(၂) နိုင်ငံခြားတက္ကသိုလ်များတွင် စာရေးသူတို့ လက်တွေ့ဆောင်ရွက်ခဲ့ရသလို စာကြည့်တိုက်နှင့် ပတ်သက်၍ စာရေး/စာဖတ် လုပ်ငန်းတာဝန်/ လေ့ကျင့်ခန်း (Reading/Writing Assignments/ Exercises) များကို ပေးခြင်း၊ စာအုပ်များကို ဖတ်၍ စာရေးသားခြင်း၊ ဟောပြောခြင်းပြိုင်ပွဲ (Reading/ Writing Contests)များ ပြုလုပ်ပေးခြင်းဖြင့် မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး စာကြည့်တိုက်တွင် ငှားရမ်း/စာဖတ်ခြင်းအလေ့အထ ယခုထက် ပိုမိုတိုးတက်လာနိုင်ကာ စာဖတ်ခြင်း ဗဟုသုတများမှသည် မျိုးချစ်စိတ်ရှိသူ လူငယ်များစွာ ပေါ်ထွန်းလာနိုင်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။



ဂျပန်နိုင်ငံ၌ စာရေးသူညှော်သည်တော်အနေဖြင့် ဟောပြောစဉ်။

## တောင်ငူမြို့ အထက (၅)၌ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**တောင်ငူ ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ခရိုင်သစ်တောဦးစီးဌာနနှင့် တောင်ငူမြို့နယ် သစ်တောဦးစီးဌာနတို့ ဦးဆောင်ကာ ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများက တောင်ငူမြို့ အထက(၅)၌ ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



ထိုသို့သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးလွင်က လူထုဖြန့်ပျိုးပင်များအား ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များအား ပေးအပ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အထက (၅)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၅၀၀ ခန့်က ပိတောက်၊ ကံ့ကော်၊ ယင်းမာ၊ စိန်ပန်းဝါ၊ မန်ကျည်းရှား၊ ပေါက်ပန်းဖြူ၊ ကျွန်း စုစုပေါင်းအပင် ၆၁၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မိုးနဲမြို့နယ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မိုးနဲ ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်၌ တုမ်မိုဘုန်းတော်ကြီးသင်အခြေခံပညာ မူလတန်းလွန်ကျောင်း(ခွဲ) ကျောင်းထိုင်ဆရာတော်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီက နားလင်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနေရာ၌ ကျင်းပသည်။

ဦးစွာ ဝိဇ္ဇာရိယဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တမာဃိန္ဒ ထံသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်နှင့် မြို့နယ်သစ်တောဦးစီးမှူး ဦးကျော်အောင်အောင်တို့က စိုက်ပျိုးမည့်သစ်ပင်များ ဆက်ကပ်ခဲ့ပြီး ဆရာတော်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သစ်တောဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက မျောက်ငို ၃၀၊ ထောပတ် ၃၀၊ ပိန္နဲ ၃၀၊ ချယ်ရီဖြူ ၂၀၊ ငုဝါ ၁၀ ပင်၊ မာတာကွတ် ၁၀ ပင် စုစုပေါင်းပျိုးပင် ၁၂၀ ကို စိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများစစ်ဆေး

**မိုင်းတုံ ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်နှင့် တာဝန်ရှိသူများသည် ပါခါးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများကို ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ



လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**မောင်ခိုင်**

## မြဝတီမြို့နယ် အခြေခံပညာအထက်တန်း(ဝါးတော)ကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**မြဝတီ ဇူလိုင် ၂၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ကရင်ပြည်နယ် မြဝတီမြို့ အခြေခံပညာအထက်တန်း(ဝါးတော)ကျောင်း၌ ကျင်းပရာ အခြေခံပညာအထက်တန်း(ဝါးတော) ကျောင်းအုပ် ဆရာမ ဒေါ်စိုးစိုးသက်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဆောင်းနှင်းဖြူမှ ညှိနှိုင်းရေးမှူး (Moderator) အဖြစ် ဆောင်ရွက်၍ အခြေခံပညာအထက်တန်း(ဝါးတော)ကျောင်းမှ Grade-11 ကျောင်းသူ မယွန်းမီမီမင်းက လူငယ်နှင့် သဘာဝပတ်ဝန်းကျင်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 ကျောင်းသား မောင်ထက်အောင်လွင်က လူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-9 ကျောင်းသား မောင်ဘုန်းမာန်အောင်က လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် ဆွေးနွေးကြကာ Grade-11 ကျောင်းသူ မချစ်စုစုသွယ်က လူငယ်နှင့် သဘာဝပတ်ဝန်းကျင်၊ Grade-10 ကျောင်းသူ မခိုင်ရွှေစင်ဦးက လူငယ်နှင့် ကျန်းမာရေး စသည်တို့ကို ပြန်လည်ဆွေးနွေးကြသည်။

**မြို့နယ်(ပြန်/ဆက်)**



လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၁**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန် (န)ဝါ ဟူစိန်အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဆက်ဆံရေးပိုမိုခိုင်မာစေမည့် နည်းလမ်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးကို ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မိသားစုဝင်များ Container House များသို့ ယာယီပြောင်းရွှေ့နေထိုင်နေမှုများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးအနီး ထိန်းသိမ်း ဧရိယာ၌ ငလျင်ဘေးသင့် ဝန်ထမ်းအိမ်ထောင်စု ၈၈ စု ယာယီ နေထိုင်ရန်အတွက် တပ်ဆင်တည်ဆောက်ပြီးစီးပြီ ဖြစ်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေချထားပေးသည့် Container House ၈၈ လုံးသို့ ဝန်ထမ်းများ ပြောင်းရွှေ့ နေထိုင်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက Container House များသို့ ဝန်ထမ်းများ နှင့် ဝန်ထမ်းမိသားစုဝင်များ ပြောင်းရွှေ့နေထိုင်မှုကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအနေဖြင့် Container House များအတွင်း ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စနစ်တကျ နေထိုင် သွားရန်၊ ရေ၊ မီး၊ မိလ္လာစနစ်များကို စနစ်တကျ သုံးစွဲကြရန်နှင့် ယာယီနေထိုင်စဉ် ဧရိယာအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်တို့ကို မှာကြားကာ မိသားစုဝင်များ အား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။ **(ယာပုံ)**

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် ဥက္ကဋ္ဌသည် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ ချက်ပြုတ်စားသောက်နိုင် ရေး စီစဉ်ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်မီး တပ်ဆင် ထားရှိမှု၊ ရေချိုးခန်း၊ အိမ်သာများ စနစ်တကျ ဆောင်ရွက်ထားရှိမှု၊ စွန့်ပစ်ပစ္စည်းများအား အမျိုး အစား လေးမျိုးခွဲ၍ စနစ်တကျ စွန့်ပစ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ ဖောက်လုပ်ထားရှိမှု၊ Container House ပတ်လမ်းများ ဖောက်လုပ်ထားရှိမှုနှင့်



ဘေးအန္တရာယ်ကင်းစွာ နေထိုင်နိုင်ရေး စီစဉ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကြောင်း သိရသည်။ **သတင်းစဉ်**

# (၃၂)ကြိမ်မြောက် လစဉ်အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုအားပေး

**ပဲခူး ဇူလိုင် ၂၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ နှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူး မြို့ အထွေထွေရောဂါကုဆေးရုံ ကြီးသို့သွားရောက်၍ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင် ညွှန်ကြားမှုဖြင့် (၃၂)ကြိမ်မြောက် လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း များ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုအပေါ် တိုင်း



ဒေသကြီးဝန်ကြီးချုပ်ဦးမျိုးဆွေဝင်း နှင့် ဇနီးတို့ သွားရောက်ကြည့်ရှု အားပေးသည်။ **(အောက်ဝဲပုံ)**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီး ချုပ်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီး များနှင့် ၎င်းတို့၏ဇနီးများသည် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီးတွင် ကျန်းမာ ရေးစောင့်ရှောက်မှု လာရောက် ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ ဝန်ထမ်းများအား ကျန်းမာရေး ဝန်ထမ်းများက စမ်းသပ်စစ်ဆေး ကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်း များမှ ပူးပေါင်းပါဝင် ကူညီဆောင် ရွက်ပေးနေမှုနှင့် ရေသန့်၊ ကော်ဖီ နှင့် အာဟာရမုန့်များ အခမဲ့ တိုက်ကျွေးနေမှုများကို လိုက်လံ ကြည့်ရှုပြီး ကျန်းမာရေး စောင့် ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကား ပြောကြားကာ လစဉ် အငြိမ်းစားနိုင်ငံ့ဝန်ထမ်း များအား စဉ်ဆက်မပြတ် ကျန်းမာ ရေး စောင့်ရှောက်မှုပေးနိုင်ရေး နှင့် ဆေးဝါးလိုအပ်ချက် မရှိစေ ရေး ဖြည့်ဆည်းဆောင်ရွက်ပေး သည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ လုပ်ငန်းနယ်ပယ် အသီးသီးတွင် တာဝန်ထမ်းဆောင် ခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ အနေဖြင့် အငြိမ်းစားယူပြီးနောက် ကျန်းမာပျော်ရွှင် အသက်ရှည်စွာ နေထိုင်ရေးအတွက် ပဲခူးတိုင်းဒေသ ကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ် မှု လစဉ်တိုင်းဒေသကြီးအတွင်း မြို့နယ် ၂၈ မြို့နယ်ရှိ ပြည်သူ့ ဆေးရုံကြီးများ၌ ကျန်းမာရေး စောင့်ရှောက်မှု စစ်ဆေးပေးခြင်း၊ လူနာတစ်ဦးလျှင် အခမဲ့ဆေးဝါး တစ်လစာ လစဉ်ထောက်ပံ့ပေး ခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်း၊ အခြေခံ စားသုံးကုန်များအား သက်သာသော နှုန်းထားဖြင့် ရောင်းချပေးခြင်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**

# ကျေးလက်လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၂၁**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု/နေပြည် တော်ကောင်စီ (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် ကျေးလက် လမ်းတံတားလုပ်ငန်းများအတွက် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ နှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပ ရာ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်ညွှန်ကြားရေးမှူး ဒေါ်အေးအေးဝင့်၊ စီမံကိန်းစစ်ဆေးရေးနှင့် အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ(ရုံးချုပ်)၊ တိုင်း၊ ခရိုင်၊ မြို့နယ်တာဝန်ခံများနှင့် တင်ဒါအောင်ကုမ္ပဏီများ တက်ရောက် ပြီး နေပြည်တော်ကောင်စီဝင်က လုပ်ငန်းများဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသော လုပ်ငန်းသုံးပစ္စည်းများကို အသုံးပြု၍ သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၁

**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၊ တက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ သင်ကြားဆရာတော်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာတော်များ၊ သင်ကြားသီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်မြို့တော်ဝန်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ပနိုင်ငံများမှ သံအမတ်ကြီးများ၊ အတွင်းဝန်များနှင့် သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပနိုင်ငံများမှ ဘွဲ့ရသင်တန်းသားများနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။



အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက သာရဏီယ အဖွင့်ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူပြီး ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တနောဓိဉာဏက ဥက္ကဋ္ဌဆရာတော်၏ ဩဝါဒကထာကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က ဂုဏ်ယူဝမ်းမြောက်စကား လျှောက်ထားကြပြီး ပါမောက္ခချုပ်ဆရာတော်က ဘွဲ့ရကျောင်းသားများကို တက္ကသိုလ်အဓိဋ္ဌာန် အမေး၊ အဖြေပြု၍ သင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၁ ပါး / ဦးတို့ကို သက်ဆိုင်ရာဘွဲ့နှင့် အဆောင်အယောင်များ ချီးမြှင့်အပ်နှင်းတော်မူသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဝိဇ္ဇာဘွဲ့ (ဗုဒ္ဓဓမ္မ) တန်းမှ ပညာရည်ချွန်ထူးချွန်ဆုရရှိသော (Gold Medallist) ထူးချွန်ရွှေတံဆိပ်ဆုရှင် ဗီယက်နမ် (သီလရှင်) Nguyen Anh Tuyet အား ပါမောက္ခချုပ်ဆရာတော်က ချီးမြှင့်သည့် ရွှေစင်ရွှေပြား ဆုတံဆိပ်ကို ပါမောက္ခချုပ်ဆရာတော်ကိုယ်စား ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ပေးအပ်ချီးမြှင့်ပြီး တက်ရောက်လာကြသော တာဝန်ရှိသူများနှင့် သံအမတ်ကြီးများကို ဒုတိယပါမောက္ခချုပ်(စီမံ) က အမှတ်တရ ဂုဏ်ပြုတံဆိပ်များ ပေးအပ်သည်။

ဆက်လက်၍ ဘွဲ့ရ (ပြည်ပ) သင်တန်းသား၊ သင်တန်းသူများ၏ နိုင်ငံများမှ သံအမတ်ကြီးများကိုယ်စား ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Iskanber Azizov က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပါမောက္ခချုပ် ဆရာတော်က ဘွဲ့မှတ်တမ်းမော်ကွန်းစာအုပ်တွင် မော်ကွန်းတင် လက်မှတ်ရေးထိုး၍ ဘွဲ့ရကျောင်းသားများကို ဆုံးမဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။


အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပြည်ပနိုင်ငံများနှင့် ပြည်တွင်းမှ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များ တက်ရောက်သင်ကြားလျက်ရှိကာ ယနေ့အချိန်အထိ တက္ကသိုလ်သို့ တက်ရောက် အောင်မြင်ခဲ့သော ပြည်တွင်း ပြည်ပသင်တန်းသားများမှ ပါရဂူဘွဲ့ရရှိသူ ၅၅ ပါး / ဦး၊ မဟာဝိဇ္ဇာဘွဲ့ရရှိသူ ၂၇၃ ပါး/ ဦး၊ ဝိဇ္ဇာဘွဲ့ရရှိသူ ၉၃၇ ပါး / ဦး၊ ဒီပလိုမာအောင်လက်မှတ်ရရှိသူ ၁၄၂၁ ပါး / ဦး စုစုပေါင်း ၂၆၈၆ ပါး / ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခု ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပြည်တွင်း၊ ပြည်ပ သင်တန်းသား စုစုပေါင်း ၄၀၈ ပါး / ဦး တက်ရောက် ပညာသင်ကြားလျက်ရှိသည်။


မြန်မာနိုင်ငံ၌ စစ်မှန်သော ထေရဝါဒဗုဒ္ဓဘာသာကို ပြည်တွင်း၌သာမက ပြည်ပမှပါ မည်သူမဆို ကျယ်ကျယ်ပြန့်ပြန့် လေ့လာသင်ယူနိုင်စေရန် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီးကို ဖွင့်လှစ်လျက်ရှိကာ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာနှင့် ပါဠိဘာသာရပ်များအပြင် သမထနှင့် ဝိပဿနာဟူသော ဗုဒ္ဓဓမ္မကျင့်စဉ်များကိုပါ တက္ကသိုလ်အနေဖြင့် လက်တွေ့ကျကျ သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


## ဇူလိုင် ၂၇ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ တုံကင်ပင်လယ်ကွေ့တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း“ဝီဖာ”(WIPHA) သည် အနောက်-အနောက်တောင်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ဇူလိုင် ၂၂ ရက်တွင် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ၊ မုန်တိုင်း၏ အကြွင်းအကျန် တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့ညနေမှ ဇူလိုင် ၂၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။





**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**



## ကော့သောင်းမြို့၌ ရုရှားဘာသာစကားပြော(အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**ကော့သောင်း ဇူလိုင် ၂၁**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံး၏ စီစဉ်ကြီးကြပ်မှုဖြင့်ဖွင့်လှစ်သော ရုရှားဘာသာစကားပြော (အခြေခံ) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကော့သောင်းမြို့ Victoria Cliff Hotel (မင်္ဂလာခန်းမ)၌ ကျင်းပရာ တိုင်းဒေသကြီး စီးပွားရေးဝန်ကြီး ဦးခင်မောင်မောင်ကြီးက အမှာစကား ပြောကြားသည်။

ယင်းနောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ထားဝယ်ရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးလွှမ်းမိုးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးစကားပြောကြား၍ လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ရုရှားဘာသာစကားပြော (အခြေခံ) သင်တန်းကို ဇူလိုင် ၂၁ ရက်မှ ဩဂုတ် ၂၂ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းတွင် ဌာနဆိုင်ရာများ၊ လူငယ်လူရွယ်များနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၇၀ ကျော် တက်ရောက်ကာ သင်တန်းကာလ ၅ ပတ် သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဇေယျာသီရိမြို့နယ် မပိုက်ကယ်ရိုး ရေနုတ်မြောင်းတူးဖော်မှုနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘောလုံးကွင်းအဆင့်မြှင့်တင်မှုများ ကွင်းဆင်းစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း မိုင်တိုင်-၂၂၅/၀ မှ ၂၂၅/၄ ကြား လမ်းနယ်အတွင်း ဝင်ရောက်နေသော သစ်တပ်ကျေးရွာအနီးရှိ မပိုက်ကယ်ရိုး ရေနုတ်မြောင်းအား လမ်း၏ အရှေ့ဘက်ခြမ်းတွင် စနစ်တကျ အသစ်တူးဖော်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက တာဝန်ရှိသူများကို ဒေသရေကြီးရေလျှံမှုကာကွယ်ရေးအတွက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း သတ်မှတ်ကာလပြီးစီးရန် မြေတူးဖော်ဆောင်ရွက်ရာတွင် လမ်းနယ်အတိုင်းအတာများ ပေးထားပြီး စနစ်တကျ ဆောင်ရွက်ရန်နှင့် ပထမဆုံး ရေဝပ်ဧရိယာများ၊ ချုံ၊ ဗေဒါပင်များကြောင့် ရေစီးဆင်းမှုနည်းနေသည့်နေရာများကို ရေစီးရေလာကောင်းမွန်ရေး ဦးစားပေးဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

ရေဆင်းဧရိယာ ၁ ဒသမ ၆၇ စတုရန်းမိုင်ရှိ မပိုက်ကယ်ရိုး ရေနုတ်မြောင်းသည် ကျောက်အိုးချောင်း၊ ဆက်သွားချောင်းများမှ ရေပိုရေလျှံများ၊ စိုက်ခင်းများမှ စွန့်ထုတ်ရေများ စီးဆင်းသော ရိုးတစ်ခုဖြစ်ပြီး ကျွန်းရောင်း-အိုင်စောက်- ပေါင်းလောင်း ရေနုတ်မြောင်းမှတစ်ဆင့် ပေါင်းလောင်းမြစ်အတွင်းသို့ ပုံမှန်စီးဝင်လျက်ရှိသော်လည်း ထူးကဲမိုးရွာသွန်းသည့် ကာလများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရန်ကုန်- မန္တလေးလမ်းဟောင်း၏ အရှေ့ဘက်ခြမ်းတွင်ပါ ရေထုတ်မြောင်းတူးဖော်ဖောက်လုပ်နေခြင်းဖြစ်ကာ မြေသားရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း အလျားပေ ၃၈၉၀၊ မြေကြီးလုပ်ငန်း ၃၄၅၂ ကျင်းကို မိုးရာသီအတွင်း အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်းတက္ကသိုလ်များနယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် ဘောလုံးကွင်းအဆင့်မြှင့်တင်ရေး ဆောင်ရွက်မည့် ပွဲကြည့်စင်တည်ဆောက်ရေးနှင့် လမ်းဖောက်လုပ်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကျင်းပ



**စစ်တွေ ဇူလိုင် ၂၁**

စစ်တွေမြို့နယ်အတွင်းရှိ အငြိမ်းစား ဝန်ထမ်းများအား ပင်စင်လစာ ထုတ်ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့် ဆန်နှင့် စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အငြိမ်းစားဝန်ထမ်းများအား မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက ပင်စင်လစာ ထုတ်ပေးနိုင်ရန် လိုအပ်သော စိစစ်မှုများ ဆောင်ရွက်နေမှု၊ ပင်စင်လစာ ထုတ်ပေးနေမှု၊ စစ်တွေမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြပြီး အငြိမ်းစားဝန်ထမ်းများအတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့် ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

စစ်တွေ မြို့နယ်အတွင်းရှိ အငြိမ်းစား ဝန်ထမ်းများအား ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခြင်းတို့ကို စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ လစဉ်စီစဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ အရာထမ်းလောင်း(အထူး)သင်တန်းဖွင့်လှစ်



**နေပြည်တော် ဇူလိုင် ၂၁**

အရာထမ်းလောင်း(အထူး)သင်တန်း အမှတ်စဉ်(၁၅)ဖွင့်ပွဲကို ယနေ့နံနက် စနာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပါမောက္ခချုပ်၊ သင်ကြား/ စီမံဌာနများမှ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က ဝန်ထမ်းသက်တမ်းတစ်လျှောက် အရည်အချင်းနှင့် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားပြီး အဂတိတရားကင်းရှင်းကာ စိတ်ဓာတ်နှင့် ခံယူချက်ကောင်းမွန်သော ဝန်ထမ်းများဖြစ်အောင် ပြုမူနေထိုင်ကြရန်နှင့် ပါတီနိုင်ငံရေးကင်းရှင်းစွာဖြင့် နိုင်ငံတော်၏ စီမံအုပ်ချုပ်ရေးယန္တရား အောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းလုပ်ဆောင်သွားကြရန် မှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၀၁ ဦး၊ သင်တန်းသူ ၁၁၂ ဦး စုစုပေါင်း ၂၁၃ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၂၁ ရက်မှ နိုဝင်ဘာ ၁၂ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

(စက်ဘီးကွင်း)တို့တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှတာဝန်ရှိသူများနှင့်ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များ လာရောက်ကြည့်ရှု အားပေးကြသည်။

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို မြန်မာ့ဘောလုံး အားကစားအဆင့်အတန်း ပြန်လည်ဦးမော့ပြီး ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမား များစွာပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ယနေ့ (အမျိုးသား) ဘောလုံးပြိုင်ပွဲကွာတားဖိုင်နယ်ပွဲစဉ်များအဖြစ် ပဒုမ္မာအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ တောင်ဒဂုံအားကစားကွင်းတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ သန်လျင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ကရင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ YTC လေ့ကျင့်ရေးကွင်း(၁) (စက်ဘီးကွင်း)တွင် ရှမ်းပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ဇူလိုင် ၂၂ ရက်တွင် ပြိုင်ပွဲတစ်ရက်ရပ်နားပြီး ဇူလိုင် ၂၃ ရက် မွန်းလွဲ ၃နာရီမှစတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပွဲစဉ်များအဖြစ် ပဒုမ္မာအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ YTC လေ့ကျင့်ရေးကွင်း(၁) (စက်ဘီးကွင်း)တွင် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကာ ဘောလုံးအားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန် ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇူလိုင် ၂၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E Mr. Abhay Thakur အား နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရုံးအမှတ်(၂၇) ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လျှပ်စစ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းစီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးအေးကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၊ လက်ဆွဲမျိုးစေ့ချ ကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း တောင်သူပညာပေးသရုပ်ပြပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့ နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု မြောက်ကျောင်းစု ကျေးရွာသို့ သွားရောက်၍ နေပြည်တော် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးအတွက် ကျေးရွာအဝင်လမ်းတွင် ကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထိုင်ဝမ်ဗာဒံပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက ထိုင်ဝမ်ဗာဒံပင် ၄၃၀ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာအုပ်စု ကွင်းအမှတ်(၁၆၇၂)သို့ သွားရောက်ပြီး တောင်သူ ဦးဘိုဘို၏ လယ်ခြောက်ဧကတွင် ရေဆင်းပေါ်ဆန်း-၂ စပါးမျိုး ပျိုးထောင်နေမှု၊ အီးအမ်ယူရီးယား ပက်ဖျန်းနေမှုနှင့် နွေစပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးသည်။

ယင်းနောက် ရန်အောင်မြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၂၈)ကွင်း၌ လက်ဆွဲမျိုးစေ့ချ ကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း၊ တောင်သူပညာပေး သရုပ်ပြပွဲ အခမ်းအနားသို့ တက်ရောက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကြဲခင်းစနစ် ပပျောက်အောင် ကောက်စိုက်စက်၊ မျိုးစေ့ချ ကိရိယာများဖြင့် စိုက်ပျိုးစေရေး၊ မိုး၊ ဆောင်း၊ နွေ ရာသီပြည့်သီးနှံများစိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် သဘာဝမြေဩဇာကို တောင်သူများကိုယ်တိုင် ပြုလုပ်သုံးစွဲရေး တို့ကို မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အောင်နိုင်တိုး မျိုးစပါးများကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးခင်မောင်လတ်က မျိုးစေ့ချကိရိယာများကိုလည်းကောင်း တောင်သူများထံ ပေးအပ်ကြပြီး တောင်သူ ဦးထွန်းငွေ၏ လယ် ၁၇ ဧကတွင် အောင်နိုင်တိုး စပါးမျိုးအား မျိုးစေ့ချကိရိယာဖြင့် လက်တွေ့စိုက်ပျိုးသရုပ်ပြနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် လယ်ဝေးမြို့ အမှတ်(၂) အားကစားလေ့ကျင့်ရေးစခန်းသို့ သွားရောက်၍ မြန်မာ အီလက်ထရောနစ် မဲပေးစက် (MEVM) ကိုင်တွယ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၂၅) ဖွင့်ပွဲအခမ်းအနား တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းအတွက် ချီးမြှင့်ငွေများပေးအပ်၍ MEVM မဲပေးစက်များ သရုပ်ပြတပ်ဆင်အသုံးပြုပုံကို ကြည့်ရှုကာ သင်တန်းတက်ရောက်မည့်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာသို့ သွားရောက်ပြီး ဦးအောင်သီဟကျော်၏ ရွှေလွှမ်း အထည်ချုပ်နှင့်ဖြန့်ချိရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကာ ဝဏ္ဏသိဒ္ဓိဖူဆယ်လေ့ကျင့်ရေးအားကစားရုံ၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅) နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား တက်ရောက်သည်။

ဦးစွာ တပ်ကုန်းမြို့နယ်အသင်းနှင့် ဇမ္ဗူသီရိမြို့နယ်အသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးပြီး ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဂိုးသမားဆုနှင့် အကောင်းဆုံးကစားသမားဆုများ၊ တတိယဆု၊ ဒုတိယဆုနှင့် ပထမဆုရရှိသောအသင်းများအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို နေပြည်တော်ကောင်စီဝင်များနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်တို့က ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပထမဆုရရှိသော တပ်ကုန်းမြို့နယ်အသင်းကို ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**အောင်မျိုးဝင်း(ဥတ္တရ)**

# ငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇူလိုင် ၂၁**

အင်အားပြင်း မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ ရန်ပုံငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် ရန်ပုံငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ ဘဏ်များအသင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က ဆွေးနွေးရာတွင် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ၏ ခွင့်ပြုချက်အရ ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ဇူလိုင် ၁၆ ရက်တွင် ကျင်းပခဲ့သည့် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေး ဆွေးနွေးချက်များအရ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နယ်မြေဒေသများရှိ ပြည်သူများနှင့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ရေး ချေးငွေအစီအစဉ်အား ဦးစားပေးကဏ္ဍများသတ်မှတ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ချေးငွေပံ့ပိုးပေးမှုအစီအစဉ်အား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များက ရန်ပုံငွေကို စနစ်တကျထိရောက်မှုရှိစွာ စီးဆင်းလည်ပတ်စေရန် ရန်ပုံငွေစီမံခန့်ခွဲမှု လုပ်ငန်းအဖွဲ့ အစည်းအဝေးကို လစဉ်ပထမပတ်နှင့် တတိယပတ်များတွင် တစ်လနှစ်ကြိမ် ကျင်းပပြုလုပ်ရန် ဆွေးနွေးခဲ့ကြပြီး ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့နှင့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်(မူကြမ်း)၊ ရန်ပုံငွေထည့်ဝင်ခြင်း၊ သီးခြားစာရင်းဖွင့်လှစ်ခြင်း၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ စာရင်းလွှဲပြောင်းခြင်း၊ ချေးငွေထုတ်ချေးခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ရန်ပုံငွေစီးဆင်းမှုပုံစံအား ရေးဆွဲအတည်ပြုခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ယင်းနောက် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်**

နေပြည်တော် ဇူလိုင် ၂၁

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

**မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီ(**ယာပုံ**)နှင့် ဆွမ်းဦးပုညရှင်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင်နေမှု၊ စစ်ကိုင်းမြို့ရှိဘုန်းတော်ကြီးကျောင်းတိုက်များ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို အပြီး သတ်ဖယ်ရှားရှင်းလင်းနေမှုနှင့် ဘက်စုံပြန်လည်ပြုပြင်နေမှု၊ နှစ်(၇၀၀)ပြည့် အားကစားခန်းမ၌ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ပေးအပ်သည့် ထောက်ပံ့ငွေများ ပေးအပ်နေမှုကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် အနီးစခန်းသာမဏေကျော် ပရိယတ္တိစာသင်တိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါစာသင်တိုက်ရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ယောဂီများအား တပ်မတော်ဆေးကုသရေးအဖွဲ့နှင့် စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှဆေးကုသရေးအဖွဲ့တို့ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးဝါးကုသပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။



အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ နန်းမြို့ရိုး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ကျုံးအနောက်ဘက်ရှိ စည်ရှည်တံခါးအား ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံနေမှု၊ မြို့ရိုးအတွင်းဘက်ရှိ လှေကားများအား ပြန်လည်ပြုပြင်ရန် ဆောင်ရွက်ထားရှိမှု၊ အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်ရှိ Sky Villa နေရာ၌ အပျက်အစီးများကို စက်ယန္တရားကြီးများ အသုံးပြု၍ အပြီးသတ် ဖယ်ရှားရှင်းလင်းနေမှု၊ ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ကွက်နှင့် အောင်မြေသာစံမြို့နယ် အနိုပ်တော်ရပ်ကွက်များရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အန္တရာယ်ရှိ အဆောက်အအုံများကို စက်ယန္တရားကြီးများ အသုံးပြု၍ ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဂျပန်နိုင်ငံ၌ ကျင်းပသည့် BRIDGE Summer Camp - 2025 တွင် ယဉ်ကျေးမှုဖလှယ်ခြင်းများ ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၁

**ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ ဇူလိုင် ၁၂ရက်မှ ၂၀ ရက်အထိ ကျင်းပသည့် (၃၇)နှစ်မြောက် နွေရာသီအပြည်ပြည်ဆိုင်ရာ လူငယ်များ တွေ့ဆုံပွဲ-၂၀၂၅ (BRIDGE Summer Camp – 2025) သို့ မြန်မာကျောင်းသားလူငယ် ကိုယ်စားလှယ် ခြောက်ဦးက Junior Ambassador များအဖြစ် ပါဝင်တက်ရောက်၍ ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်များ ဆောင်ရွက်ခဲ့ကြသည်။**




အဆိုပါ မြန်မာကျောင်းသားလူငယ် ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်၁၂ရက်မှ ၁၄ရက်အထိ ဂျပန်နိုင်ငံ Fukuoka Marine House Camp ၌ အာရှ – ပစိဖိတ်ဒေသ ၄၂ နိုင်ငံမှ Junior Ambassador များနှင့်အတူ စခန်းချ၍ စုပေါင်းနေထိုင်ကြပြီး တွေ့ဆုံပွဲအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ယဉ်ကျေးမှု ဖလှယ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့ပြင် ဇူလိုင် ၁၅ ရက်တွင် "မိုင်းအိမတ်ဆုဘာရ" ဂျပန်အလယ်တန်းကျောင်းသို့ သွားရောက် လေ့လာ၍ ကျောင်းအုပ်ဆရာမကြီးနှင့် တွေ့ဆုံခြင်း၊ ဂျပန်ကလေးငယ်များနှင့် အမေးအဖြေပြုလုပ်ခြင်း၊ ကျောင်းခန်းမ၌ နွေဦးကဗျာ သင်္ကြန်သီချင်းဖြင့် ကပြခြင်း၊ ဂျပန်ကလေးများအား မြန်မာသနပ်ခါးလိမ်းခြယ်ပေးခြင်း တို့ကို ဆောင်ရွက်သည်။

ထို့နောက် ဇူလိုင် ၁၅ ရက် ညပိုင်းမှစ၍ ၂၀ ရက် ညပိုင်းအထိ ဂျပန်မိသားစု နေအိမ်များသို့ Home Stay အဖြစ် တစ်ဦးချင်း လိုက်ပါနေထိုင်ပြီး အိမ်ရှင်ကျောင်းသားများ၏ ကျောင်းများသို့ တစ်နေ့တာ အတူလိုက်ပါတက်ရောက်ခြင်း၊ လူငယ်တွေ့ဆုံပွဲ၏ အဓိကအစီအစဉ်ဖြစ်သည့် "We are the BRIDGE Festival" သို့ အိမ်ရှင်မိသားစုများအား မြန်မာဝတ်စုံဝတ်ဆင်စေ၍ အတူပါဝင်ဆင်နွှဲခြင်း၊ နွေဦးကဗျာ သင်္ကြန်သီချင်းဖြင့် ကပြဖျော်ဖြေခြင်း၊ ပွဲတော်သို့ လာရောက်သည့် ဧည့်သည်များအား မြန်မာသနပ်ခါး လိမ်းခြယ်ပေးခြင်း၊ အိမ်ရှင် မိသားစုများနှင့်အတူ Fukuoka Tower အပါအဝင် ဖူကူအိုကာ၏ အထင်ကရနေရာများကို လည်ပတ်ခြင်း စသည့်အစီအစဉ်များကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လူငယ်တွေ့ဆုံပွဲအစီအစဉ်ကို ဂျပန်နိုင်ငံ ဖူကူအိုကာမြို့၌ အခြေစိုက်သည့် အာရှ-ပစိဖိတ်ဒေသ ကလေးများဆိုင်ရာ ကွန်ဗင်းရှင်း (Asian Pacific Children's Convention – APCC) က "We are the BRIDGE" ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး APCC မှ အာရှ-ပစိဖိတ်ဒေသရှိ နိုင်ငံ ၄၂ နိုင်ငံမှ အသက် ၁၁ နှစ်အရွယ် ကျောင်းသား ကျောင်းသူ ၁၉၂ ဦးတို့ တက်ရောက်ခဲ့ကြသည်။

မြန်မာကျောင်းသား လူငယ်များ အဆိုပါ နွေရာသီ အပြည်ပြည်ဆိုင်ရာ လူငယ်များ တွေ့ဆုံပွဲ-၂၀၂၅ သို့ ပါဝင်တက်ရောက်ခွင့်ရရှိခြင်းဖြင့် အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံများမှ လူငယ်များနှင့် အပြန်အလှန်ထိတွေ့ဆက်ဆံခွင့်ရရှိခြင်း၊ ယဉ်ကျေးမှုများ အပြန်အလှန် ပိုမိုသိရှိခွင့်ရရှိခြင်း၊ အပြည်ပြည်ဆိုင်ရာ အတွေ့အကြုံများ ရရှိခြင်း၊ မိမိပတ်ဝန်းကျင်တိုးတက်မှုအတွက် အထောက်အကူရရှိခြင်း၊ တစ်ဦးချင်းယုံကြည်မှုနှင့်အားထုတ်မှုများ ရရှိခဲ့ကြောင်း သိရသည်။

၂၀၂၆ ခုနှစ်တွင် ကျင်းပမည့် "BRIDGE Summer Camp 2026" အတွက် တရားဝင်ကမ်းလှမ်းဖိတ်ကြားမှုကို လက်ခံရရှိပါက မြန်မာ – ဂျပန် ချစ်ကြည်ရေးအသင်း(MJA)အနေဖြင့် သတ်မှတ်ချက်နှင့်ကိုက်ညီသည့် မြန်မာနိုင်ငံမှ အခြေခံပညာကျောင်းသားလူငယ်များအား အဆိုပြုလွှာခေါ်ယူခြင်း၊ စိစစ်ရွေးချယ်ခြင်းများ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## တက္ကသိုလ်နှင့်ဌာနဆိုင်ရာများမှ ဝန်ထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**မန္တလေး ဇူလိုင် ၂၁**

တက္ကသိုလ်နှင့်ဌာနဆိုင်ရာများမှ ဝန်ထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ်သင်တန်း(၂/၂၀၂၅) သင်တန်းဖွင့်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

သင်တန်းဖွင့် အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဆရာဖြစ်သင်တန်းအား ဇူလိုင် ၂၁ ရက်မှ ၂၅ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဥပဒေဘာသာရပ် ခုနစ်ခုပို့ချမည်ဖြစ်ကြောင်း သိရသည်။ သင်တန်းသို့ တက္ကသိုလ်နှင့်ဌာနဆိုင်ရာများမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၂ ဦး တက်ရောက်ကြသည်။

**မောင်အေးချမ်း**

## ယနေ့ မိုးလေဝသ (၂၂-၇-၂၀၂၅)

### နေပြည်တော်

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

### ရန်ကုန်

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

### မန္တလေး

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

စာ ပေ မြင့် မှ လူ မျိုး တင့် မည်

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၅၂ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် ဇူလိုင် ၂၁**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၃၆ ဦး၊ တရုတ်နိုင်ငံသား ၁၁ ဦး၊ ဖိလစ်ပိုင်နိုင်ငံသား တစ်ဦး၊ နီပေါနိုင်ငံသား တစ်ဦး၊ မလေးရှားနိုင်ငံသားတစ်ဦး၊ သီရိလင်္ကာနိုင်ငံသား တစ်ဦးနှင့် ကင်ညာနိုင်ငံသားတစ်ဦး စုစုပေါင်း ၅၂ ဦး ကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။



အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းစွက်မှာကြားသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၂၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၂၉၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၅၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် တက်ခ်ဘောအားကစားနည်း မိတ်ဆက်သရုပ်ပြ

**ရန်ကုန် ဇူလိုင် ၂၁**

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံတက်ခ်ဘော (Teqball) အဖွဲ့ချုပ်က ကျင်းပသည့် တက်ခ်ဘော(Teqball) အားကစားနည်း မိတ်ဆက်သရုပ်ပြအခမ်းအနားကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာပလာဇာပရိမ်းရှင်း ဧရိယာ၌ ကျင်းပသည်။



အဆိုပါ မိတ်ဆက်သရုပ်ပြပွဲတွင် တက်ခ်ဘော အားကစားကို ဘယ်လိုကစားရကြောင်း၊ ၎င်းအားကစားနည်း၏ စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများအကြောင်းကို တာဝန်ရှိသူများက အများပြည်သူ ဗဟုသုတရရှိစေရန် ဗီဒီယိုကလစ်ဖြင့် ရှင်းလင်းပြသည်။

ထို့နောက် တက်ခ်ဘော အားကစားသမားများက အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ ပြိုင်ပွဲများ သရုပ်ပြယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီဝင်များ၊ မြန်မာနိုင်ငံ တက်ခ်ဘောအဖွဲ့ချုပ်မှ အမှုဆောင်များ၊ အနုပညာရှင်များနှင့် တက်ခ်ဘောအားကစားနည်းကို စိတ်ပါဝင်စားကြသူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။

"ဒီနေ့က တက်ခ်ဘော အားကစားနည်း မိတ်ဆက်သရုပ်ပြပွဲ ဖြစ်ပါတယ်။ မိတ်ဆက်သရုပ်ပြပွဲဆိုပေမယ့်လည်း နိုင်တဲ့အသင်းကို ငွေကျပ်သိန်း ၅၀ နဲ့ ကျန်အသင်းကို ငွေကျပ်သိန်း ၃၀ စီ ချီးမြှင့်မှာဖြစ်ပါတယ်။ တက်ခ်ဘောအားကစားနည်းကို အများပြည်သူ တွင်ကျယ်စွာ အသေးစိတ်သိရှိကစားနိုင်ဖို့ ယနေ့အခမ်းအနားကို ကျင်းပရခြင်း ဖြစ်ပါတယ်။ တက်ခ်ဘောအားကစားနည်းကို လာမယ့် ဒီဇင်ဘာမှာ လုပ်မယ့် ထိုင်းဆီးဂိမ်းပြိုင်ပွဲမှာလည်း ကျွန်တော်တို့ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ အခုမှဝင်ပြိုင်မယ်ဆိုပေမယ့် ကျွန်တော်တို့ အကောင်းဆုံး ပြင်ဆင်ကြိုးစားသွားမှာပါ" ဟု မြန်မာနိုင်ငံ တက်ခ်ဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူက ပြောသည်။

(၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံတက်ခ်ဘောအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ပဏာမလူရွေးပွဲအဖြစ် ဩဂုတ်လတွင် မြန်မာနိုင်ငံ တက်ခ်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဖိတ်ခေါ်ပြိုင်ပွဲကျင်းပကာ ပဏာမ လူရွေးချယ်၍ စခန်းသွင်းသွားမည်ဖြစ်သည်။ ယင်းဥက္ကဋ္ဌဖလားပြိုင်ပွဲသို့ နိုင်ငံတစ်ဝန်းမှ တက်ခ်ဘော အားကစား စိတ်ပါဝင်စားသူမည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

● *ကျောဖုံးမှ*

နာမည်ကြီး ထိုင်းအသင်းကို အနိုင်ကစားရမည်ဖြစ်သည်။ အုပ်စု(ခ) နှင့်(ဂ) နောက်ဆုံးပွဲများကို ဇူလိုင် ၂၂ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် တစ်ချိန်တည်းကစားမည်ဖြစ်ပြီး ဂျကာတာမြို့ရှိ ဘန်ကာနိကွင်း၌ ဗီယက်နမ်အသင်းနှင့် ကမ္ဘောဒီးယားအသင်း၊ ဘီကာဆီမြို့ရှိ Patriot Chandrabhaga ကွင်း၌ မြန်မာအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု(ခ)တွင် ဗီယက်နမ်အသင်းက တစ်ပွဲကစား သုံးမှတ်၊ ကမ္ဘောဒီးယားအသင်းက တစ်ပွဲကစား တစ်မှတ်၊ လာအိုအသင်းက ပွဲကုန်နှစ်ပွဲကစား တစ်မှတ်၊ အုပ်စု(ဂ)တွင် ထိုင်းအသင်းက တစ်ပွဲကစား သုံးမှတ်၊ မြန်မာအသင်းက တစ်ပွဲကစား တစ်မှတ်၊ တီမောအသင်းက ပွဲကုန်နှစ်ပွဲကစား တစ်မှတ် ရရှိထားသည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲတွင် တီမောအသင်းကို အနိုင်မကစားနိုင်ဘဲ သရေကျခဲ့သဖြင့် နောက်တစ်ဆင့်တက်ရောက်ခွင့်ရရန် ထိုင်းအသင်းကို မဖြစ်မနေ အနိုင်ကစားရတော့မည်ဖြစ်သည်။

မြန်မာအသင်းသည် တီမောနှင့်ပွဲတွင် အကြိမ်ကြိမ် ဦးဆောင်ပြီးမှ လေးဂိုးစီသရေကျခဲ့ခြင်းဖြစ်ပြီး ထိုင်းအသင်းမှာမူ တီမောကို လေးဂိုးပြတ် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အုပ်စု(က) နောက်ဆုံးနေ့ပွဲစဉ်များကို ဇူလိုင် ၂၁ ရက်က ကျင်းပခဲ့သည်။ **ညီမြတ်သော်တာ**

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မန္တလေး ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြန်မာ့စီးပွားရေးဘဏ်ရုံး၌ ယနေ့နံနက်ပိုင်းက နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ပင်စင်ထုတ်ယူရာတွင် လွယ်လင့်တကူဖြစ်စေရေးအတွက် နံပါတ်ဆယ်လုံးပါ UID ကတ်များကို နေ့ချင်းပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ရုံးဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးသည်။ အဆိုပါ UID ကတ်များ ကွင်းဆင်းဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရခရိုင် ဦးစီးမှူး ဦးမျိုးခိုင်၊ မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းနှင့် မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာတို့က ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **စိုးသီဟ(အမရ)**



# ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ လှူဒါန်းပေးပို့ပေးပါရန် မေတ္တာရပ်ခံခြင်း

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ် ၃၂၇ တွင် တည်ရှိသည့် ဝဇီရာရုပ်ရှင်ရုံသည် ၁၉၂၃ ခုနှစ်ခန့်က တည်ဆောက်ခဲ့သည့် ရှေးဟောင်းရုပ်ရှင်ရုံဖြစ်ပြီး ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာ ပုံစံများ၊ ရုပ်လုံးကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသဖြင့် မြန်မာ့ရုပ်ရှင်သမိုင်းအတွက် ဂုဏ်ယူထိန်းသိမ်းထားရမည့် အဆောက်အအုံကြီးတစ်ခု ဖြစ်ပါသည်။ ဝဇီရာရုပ်ရှင်ရုံကြီးသည် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ရုပ်ရှင်ဇာတ်ကားများ၊ ပြဇာတ်များအား ပြည်သူများ အပန်းဖြေပျော်ရွှင်စေရန် တင်ဆက်ပြသခဲ့သည့် ရုပ်ရှင်ရုံကြီးဖြစ်သည့်အတွက် အနုပညာစိတ်ဝိညာဉ်များ ဆုံစည်းရာ နေရာတစ်ခုလည်း ဖြစ်ပါသည်။

ယခုအခါ ဝဇီရာရုပ်ရှင်ရုံကြီးအား နိုင်ငံတော်အစိုးရက ဂုဏ်ပြုခံ ကဇာတ်ရုံကြီး(Red Carpet Theatre)အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် စီစဉ်လျက်ရှိပြီး အဆင့်မြှင့်တင်ဆောင်ရွက်ပြီးပါက ရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့် နေရာများအဖြစ်ပါ အသုံးပြုနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဝဇီရာရုပ်ရှင်ရုံနှင့်ပတ်သက်သည့် အဆောက်အအုံဆိုင်ရာ အချက်အလက်များ၊ ပုံစံကားချပ်များ၊ ဖျော်ဖြေတင်ဆက်မှုနှင့် ကြည့်ရှုအားပေးမှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံများအား မူရင်းဖြစ်စေ၊ မိတ္တူပွား၍ဖြစ်စေ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အသိပေးအပ်ပါသည်။

**ဆက်သွယ်ရမည့်ပုဂ္ဂိုလ်များ**

- ဦးရဲလင်းမြင့်၊ ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
  ၀၉ ၇၉၈၃၇၄၇၀၉၊ ၀၁၇ ၅၃၆၀၃၀
- ဦးချမ်းသာကြည်စိုး၊ တွဲဖက်အတွင်းရေးမှူး(၂) မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
  ၀၉ ၇၆၅၂၆၂၆၇၉

# အီရန်က နျူကလီးယားအစီအစဉ်နှင့်ပတ်သက်ပြီး ဥရောပသုံးနိုင်ငံနှင့်ဆွေးနွေးရန်သဘောတူ

**တီဟီရန် ဇူလိုင် ၂၁**

အီရန်နိုင်ငံသည် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနိုင်ငံတို့နှင့် ဆွေးနွေးမှုများလုပ်ဆောင်ရန် စီစဉ်ထားကြောင်း အီရန်နိုင်ငံပိုင်ရုပ်မြင်သံကြား၏ ဇူလိုင် ၂၁ ရက် အစီရင်ခံဖော်ပြချက်အရ သိရသည်။

**အစ္စတန်ဘူလ်မြို့၌ ပြုလုပ်မည်**

အဆိုပါတွေ့ဆုံဆွေးနွေးမှုများကို ဇူလိုင် ၂၅ ရက်တွင် တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ပြုလုပ်သွားမည်ဖြစ်သည်။ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့သည် ၂၀၁၅ နျူကလီးယားသဘောတူစာချုပ်အရ ရုပ်သိမ်းထားခဲ့သော ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပိတ်ဆို့အရေးယူမှုများ ပြန်လည်ချမှတ်နိုင်မည့် နည်းလမ်းများကို အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ဆွေးနွေးမှုများပြန်လည်စတင်ရန်ရည်ရွယ်**

ထိုကဲ့သို့လုပ်ဆောင်မှုက ပြီးခဲ့သည့်လတွင် အစ္စရေးနှင့် အမေရိကန်တို့က နျူကလီးယားစက်ရုံများကို တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် ရပ်ဆိုင်းထားသော အမေရိကန်နှင့် ညှိနှိုင်းဆွေးနွေးမှုများ ပြန်လည်စတင်ရေးအတွက် အီရန်ကို ဖိအားပေးရန် ရည်ရွယ်ပုံရကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

# လာအိုနိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ဝီဖာအရှိန်ကြောင့် ရက်များစွာ မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းနိုင်

**ဗီယင်ကျန်း ဇူလိုင် ၂၁**

လာအိုမိုးလေဝသဗျူရိုက ယခုနှစ်၏ ဆဋ္ဌမမြောက် တိုင်ဖွန်းမုန်တိုင်း ဝီဖာ (Wipha) အရှိန်ကြောင့် နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ရုတ်တရက်ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုအန္တရာယ် ပိုမိုမြင့်မားလာနိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

မြေနိမ့်ပိုင်းဒေသများနှင့် မြစ်ကမ်းဘေးတစ်လျှောက် နေထိုင်ကြသည့် ဒေသခံများအနေဖြင့် ရက်များစွာ မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းနိုင်သည့်အတွက် သတိဝီရိယရှိကြရန်နှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြရန် တိုက်တွန်းနှိုးဆော်ထားသည်။ ထို့အပြင် လာအိုပြည်သူများအနေဖြင့် တရားဝင်မိုးလေဝသ ခန့်မှန်းချက်များနှင့် သတိပေးချက်များကို အနီးကပ်လေ့လာစောင့်ကြည့်ကြရန်လည်း တိုက်တွန်းထားသည်။

ဆင်ဟွာ



ကောလိပ်ဝင်းအတွင်း ပျက်ကျခဲ့သော စစ်ဘက်သုံးလေ့ကျင့်ရေးလေယာဉ် အပျက်အစီးများကို သက်ဆိုင်ရာတာဝန်ရှိသူများ ဇူလိုင် ၂၁ ရက်က စစ်ဆေးစဉ်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ စစ်ဘက်လေယာဉ်တစ်စင်းပျက်ကျ

**ဒါကာ ဇူလိုင် ၂၁**

ဘင်္ဂလားဒေ့ရှ်လေတပ်၏ လေ့ကျင့်ရေးလေယာဉ်တစ်စင်းသည် ဇူလိုင် ၂၁ ရက်က ကောလိပ်ဝင်းတစ်ခုအတွင်း ပျက်ကျမှုဖြစ်ပွားခဲ့ရာ ၁၉ ဦးထက်မနည်း သေဆုံးခဲ့ကြောင်းနှင့် အများစုမှာ ကျောင်းသား ကျောင်းသူများဖြစ်ကြောင်း သိရသည်။

အဆိုပါ လေယာဉ်ပျက်ကျမှုဖြစ်ရပ်အတွင်း လူပေါင်း ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထိခိုက်ဒဏ်ရာရရှိသူအများစုမှာ စိုးရိမ်ရအခြေအနေတွင်ရှိကြောင်း အစိုးရ၏ထုတ်ပြန်ချက်အရ သိရသည်။ ဘင်္ဂလားဒေ့ရှ်တပ်မတော်၏ ပြည်သူ့ဆက်ဆံရေးဌာနက လေ့ကျင့်ရေးလေယာဉ်မှာ ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲခန့်က ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း ပြောသည်။

ဆင်ဟွာ

# လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်တို့ ပူးပေါင်း၍ သုံးနိုင်ငံ သဘာဝဘေးအန္တရာယ်တုံ့ပြန်ရေး လုပ်ဆောင်မည်

**ဗီယင်ကျန်း ဇူလိုင် ၂၁**

ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ စစ်ဘက်ကိုယ်စားလှယ်များသည် ၂၀၂၅ ခုနှစ်အတွင်း လုပ်ဆောင်မည့် သုံးနိုင်ငံပူးပေါင်းဘေးအန္တရာယ် ကယ်ဆယ်ရေး လေ့ကျင့်ခန်းများအတွက် အပြီးသတ်ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

ပူးပေါင်းလေ့ကျင့်ဆောင်ရွက်မှုမှာ သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ရှာဖွေရေး၊ ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများကို အဓိကထားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း လာအိုပြည်သူ့တပ်မတော်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

# အာဖဂန်နစ္စတန်နိုင်ငံ၌ ငါးနှစ်အောက် ကလေးပေါင်း ၇ ဒသမ ၃ သန်းအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးမည်

**ကဘူးလ် ဇူလိုင် ၂၁**

အာဖဂန်ကြားဖြတ်အစိုးရ၏ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် အသက်ငါးနှစ်အောက်ကလေး ၇ ဒသမ ၃ သန်းကို ပိုလီယိုဗိုင်းရပ်စ်မှ ကာကွယ်ရန်ရည်ရွယ်၍ လေးရက်ကြာ ကာကွယ်ဆေးတိုက်ကျွေးရေးလှုပ်ရှားမှုကို ဇူလိုင် ၂၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဇူလိုင် ၂၁ ရက်မှ ဇူလိုင် ၂၄ ရက်အထိ ပြုလုပ်မည့် ကာကွယ်ဆေးတိုက်ကျွေးမှုကို နိုင်ငံ၏ ပြည်နယ် ၃၄ ခုမှ ပြည်နယ် ၁၉ ခုရှိ ကလေးများကို ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ရှာရာဖတ် ဇာမန် အာမာ့ခ်ဟီက ပြောကြားသည်။

ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနသည် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အကောင်အထည်ဖော်ကာ ကူးစက်ရောဂါများကို တိုက်ဖျက်ရန် ကြိုးပမ်းလျက်ရှိသည်။ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးရေးလှုပ်ရှားမှုများမှတစ်ဆင့် အာဖဂန်နစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါပျံ့နှံ့မှုကို တားဆီးရန်ရည်ရွယ်ကြောင်း အာမာ့ခ်ဟီက ဆက်လက်ပြောကြားသည်။



ဆင်ဟွာ

# ဂျပန်နိုင်ငံ၌ အပူချိန်လွန်ကဲမှုနှင့် ဆက်လက်ကြုံတွေ့နေ

**ယာမာဂါတာခရိုင် အိုအဲမြို့တွင် စံချိန်တင်အပူချိန်အမြင့်ဆုံးသို့ ရောက်ရှိခဲ့**

**တိုကျို ဇူလိုင် ၂၁**

ဂျပန်နိုင်ငံ၌ ဇူလိုင် ၂၁ ရက်အထိ အပူချိန်ဆက်လက်ပြင်းထန်လျက်ရှိပြီး အချို့ဒေသများတွင် အပူချိန် ၃၈ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရှိခဲ့ကြောင်း သိရသည်။



မွန်းလွဲ ၂ နာရီတွင် အီဘာရာကီခရိုင် ဒိုင်ဂိုမြို့မှာ အပူချိန် ၃၈ ဒသမ ၇ ဒီဂရီဆဲလ်စီးယပ်စ်နှင့် ဖူကူရှီးမားခရိုင် ဒါတဲမြို့မှာ အပူချိန် ၃၈ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်စ်အထိ ရောက်ရှိခဲ့သည်။ ယာမာဂါတာခရိုင် အိုအဲမြို့၌ အပူချိန် ၃၇ ဒီဂရီဆဲလ်စီးယပ်စ်အထိ မြင့်တက်ခဲ့ပြီး ၁၉၇၆ ခုနှစ်က မှတ်တမ်းစတင်ကောက်ယူသည့်အချိန်မှစကာ စံချိန်တင်အပူချိန်အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။

အပူလျှပ်ခြင်းမှကာကွယ်ရန် လေအေးပေးစက်ကို သင့်လျော်စွာ အသုံးပြုရန်၊ ရေနှင့်ဓာတ်ဆားကို လုံလောက်စွာ သောက်သုံးရန်အပြင် ပြင်ပလှုပ်ရှားမှုများလုပ်ဆောင်သည့်အခါ မကြာခဏ အနားယူရန် လိုအပ်ကြောင်း ပြည်သူများအား အကြံပြုတိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ



# ဂါဇာ၌ မတ်လမှစကာ အာဟာရချို့တဲ့မှုကြောင့် ကလေး ၇၆ ဦးအပါအဝင် သေဆုံးသူ ၈၆ ဦးရှိလာ

**ဂါဇာ ဇူလိုင် ၂၁**

ဂါဇာ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း အာဟာရချို့တဲ့မှုကြောင့် ပါလက်စတိုင်း ၁၈ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ မတ်လမှစကာ အာဟာရချို့တဲ့မှုကြောင့် ကလေး ၇၆ ဦးအပါအဝင် သေဆုံးသူစုစုပေါင်း ၈၆ ဦးရှိလာကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။

**ကလေးပေါင်း ၁၇၀၀၀ ခန့် အာဟာရချို့တဲ့မှုခံစားနေရ**

အဆိုပါဒေသ၌ ကလေးပေါင်း ၁၇၀၀၀ ခန့်မှာ ပြင်းထန်သည့် အာဟာရချို့တဲ့မှုကို ခံစားနေရကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက ဆက်လက်ပြောကြားသည်။

အစားအစာနှင့် ဆေးဝါးများ ဝင်ရောက်ခွင့်ပြုရန်အတွက် နယ်စပ်ဖြတ်ကျော်နေရာများကို အမြန်ဆုံးဖွင့်ပေးရန် ကျန်းမာရေးအာဏာပိုင်များက တောင်းဆိုခဲ့သည်။

**ပါလက်စတိုင်းသေဆုံးသူပေါင်း ၅၉၀၂၉ ဦးရှိ**

ဂါဇာ၌ မတ် ၁၈ ရက်မှစကာ ပါလက်စတိုင်းသေဆုံးသူ ၈၁၉၆ ဦးရှိပြီး ဒဏ်ရာရရှိသူ ၃၀၀၉၄ ဦးရှိကြောင်း၊ အလားတူ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစကာ ပါလက်စတိုင်း သေဆုံးသူ စုစုပေါင်း ၅၉၀၂၉ ဦးနှင့် ဒဏ်ရာရရှိသူ ၁၄၂၁၃၅ ဦးရှိကြောင်း ဂါဇာအခြေစိုက်ကျန်းမာရေးအာဏာပိုင်များက ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

ဆင်ဟွာ

# ယခုနှစ် မုတ်သုံမိုးကြောင့် သေဆုံးသူပေါင်း ရာနှင့်ချီရှိလာသည့် ပါကစ္စတန်



မုတ်သုံမိုးကြောင့် လူသွားလမ်းများ ရေကြီးရေလျှံမှုဖြစ်ပွားစဉ်။

**နွယ်နီလင်း**

ပါကစ္စတန်နိုင်ငံတစ်ဝန်း ဇွန်လနှောင်းပိုင်းမှစကာ မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေရာအနှံ့ ရေကြီးရေလျှံမှုများ ဖြစ်ပွားသည်။ မိုးသည်းထန်စွာ ရွာသွန်းခြင်းအပါအဝင် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် မတော်တဆမှုများကြောင့် သေဆုံးသူ ၁၈၃ ဦးထက်မနည်းရှိသည်။ ထို့ပြင် ဒဏ်ရာရရှိသူ ၅၄၄ ဦးရှိသည်ဟု နိုင်ငံ၏ ဘေးအန္တရာယ်စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့(အင်န်ဒီအမ်အေ)က ဆိုသည်။

ယင်းမှာ ဇွန် ၂၆ ရက်မှ ဇူလိုင် ၁၈ ရက်အတွင်း ထိခိုက်သေဆုံးသူ အရေအတွက်ကို မှတ်တမ်းတင်ခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့် ၂၄ နာရီအတွင်း နောက်ထပ် သေဆုံးသူ ၁၅ ဦးနှင့် ဒဏ်ရာရရှိသူ ၅၃ ဦးရှိသည်ဟု အင်န်ဒီအမ်အေက ထုတ်ပြန်ထားသည်။

ပါကစ္စတန်အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်သည် သဘာဝဘေးအန္တရာယ်ကို အဆိုးရွားဆုံး ခံစားရသည့်ဒေသဖြစ်ကာ သေဆုံးသူ ၁၁၄ ဦးနှင့် ဒဏ်ရာရရှိသူ ၄၃၇ ဦးရှိသည်။ ပန်ဂျပ်ပြည်နယ်မြို့တော် လာဟိုး၌လည်း ပြီးခဲ့သည့် သီတင်းပတ်က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မြို့အတွင်း မြေနိမ့်ပိုင်းဒေသ အများအပြားတွင် လျှပ်စစ်မီးပြတ်တောက်ကာ မြို့၏ လမ်းကျဉ်းများတွင်လည်း ပြင်းထန်သည့် ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

အလားတူ ပန်ဂျပ်ပြည်နယ်အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ အခြားဒေသများတွင်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် ကြုံတွေ့ခဲ့ရသည်။ လာမည့်ရက်များအတွင်း မိုးဆက်လက်ရွာသွန်းနိုင်သည်ဟု နိုင်ငံ၏ မိုးလေဝသဌာနက ခန့်မှန်းထားသည်။

နောက်ထပ်အားကောင်းသည့်မုတ်သုံ ရာသီဥတုအခြေအနေမှာ လာမည့်ရက်အနည်းငယ်အတွင်း ခိုင်ဘာပခ်ူတွန်ခွာ ပြည်နယ်၏ ဒေသအများစုတွင် ဖြစ်ပေါ်နိုင်သည်ဟု ပါကစ္စတန်မိုးလေဝသဌာန (ပီအမ်ဒီ)က သတိပေးထားသည်။

အာဏာပိုင်များက မိုးလေဝသ သတိပေးချက်များကို ထုတ်ပြန်ထားပြီး ထိခိုက်မှုအများဆုံးခရိုင်များတွင် ထိခိုက်မှု လျော့နည်းစေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ပြည်နယ်အစိုးရများနှင့် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်ဟု အင်န်ဒီအမ်အေ ပြောသည်။

ပါကစ္စတန်နိုင်ငံ၌ သေဆုံးသူများ၏ သုံးပုံနှစ်ပုံမှာ နေအိမ်များ ပြိုကျခြင်းနှင့် ရုတ်တရက် ရေကြီးမှုတို့ကြောင့်ဖြစ်သည်ဟု အင်န်ဒီအမ်အေက ဆိုသည်။ လူဦးရေ သန်း ၂၅၀ ကျော်ရှိသော ပါကစ္စတန်နိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ခုခံမှုအားနည်းသည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သည်။

ပါကစ္စတန်နိုင်ငံသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ်ကို ထပ်ခါထပ်ခါ ကြုံတွေ့ခဲ့ရသည်။ အထူးသဖြင့် ၂၀၂၂ ခုနှစ်ကလည်း ဆိုးရွားပြင်းထန်သည့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သဖြင့် နိုင်ငံတစ်ဝန်း လူ ၁၇၀၀ ခန့်သေဆုံးခဲ့သည်။ လူပေါင်းသန်း ၃၀ ကျော်မှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရပြီး ၎င်းတို့၏ နေအိမ်များ၊ တိရစ္ဆာန်များနှင့် သီးနှံများ ပျက်စီးဆုံးရှုံးခြင်းလည်း ကြုံတွေ့ခဲ့ရသည်။

နိုင်ငံတစ်ဝန်း ၂၀၂၂ ခုနှစ်က ရေကြီးနစ်မြုပ်မှုကြောင့် ပစ္စည်း၊ မြေနှင့် အဆောက်အအုံ ဒေါ်လာ ၁၄ ဒသမ ၈ ဘီလီယံ ပျက်စီးဆုံးရှုံးခဲ့ရကာ နိုင်ငံ့ဂျီဒီပီ၏ ဒေါ်လာ ၁၅ ဒသမ ၂ ဘီလီယံ ဆုံးရှုံးခဲ့ရသည်ဟု ခန့်မှန်းချက်များအရ သိရသည်။

ရုတ်တရက်ရေကြီးမှုနှင့် အခြားဘေးအန္တရာယ်များ ဖြစ်ပွားရာနှင့် ရာသီဥတု အရေးပေါ်အခြေအနေကို ဖြေရှင်းရာတွင် နိုင်ငံတကာအဖွဲ့အစည်းထံမှ အကူအညီများ မရရှိခဲ့ဟု ပါကစ္စတန်အစိုးရက ဆိုသည်။

တောင်အာရှနိုင်ငံဖြစ်သော ပါကစ္စတန်သည် ဇွန်လနှောင်းပိုင်းမှ စက်တင်ဘာလအထိ မုန်သုံရာသီအတွင်း ပုံမှန်အားဖြင့် နှစ်စဉ်မိုးရေချိန် ၇၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ရှိသည်။ ကမ္ဘာ့အရေးပါသော ရေခဲမြစ်များ တည်ရှိရာနေရာဖြစ်သည့် "တတိယဝင်ရိုးစွန်း" ဟုခေါ်သော နိုင်ငံမြောက်ပိုင်း ဂီဂျစ်-ဘယ်တီစတန် (Gilgit-Baltistan) ဒေသ၌ ပြင်းထန်သည့်အပူချိန်ကြောင့် ယခုနှစ်တွင် မုတ်သုံရာသီ၌ ပျက်စီးမှုများ ပိုဆိုးစေခြင်းဖြစ်သည်။

အဆိုပါဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၀၀၀ ထက်မနည်းတွင် တည်ရှိသော်လည်း တောင်တန်းဒေသများ၏ အပူချိန်သည် ၄၈ ဒီဂရီဆဲစီးယပ်စ်အဖြစ် မှတ်တမ်းတင်ထားသည်ဟု ပီအမ်ဒီက ဆိုသည်။ ဂီဂျစ်-ဘယ်တီစတန် (Gilgit-Baltistan) သည် ရေခဲထုများ ထောင်ပေါင်းများစွာတည်ရှိသဖြင့် ကမ္ဘာတစ်ဝန်းမှ တောင်တက်သမားများကို ဆွဲဆောင်လျက်ရှိသည်။

ဇွန်လအပူချိန်သည် ရေခဲများကို လျင်မြန်စွာအရည်ပျော်စေပြီး အချို့ဒေသများအတွင်း အပူချိန်မှာ ဆယ်စုနှစ်သုံးခုအတွင်း စံချိန်တင်လျက်ရှိသည်ဟု ဂီဂျစ်ရှိ ဖာတီမာဂျင်နာ (Fatima Jinnah) ဒီဂရီကောလိပ်မှ လက်ထောက်ပါမောက္ခနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးဆိုင်ရာပုဂ္ဂိုလ် ဆီတာရာပါဗင်က ဆိုသည်။

မြင့်တက်လာသည့် ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန် ပါကစ္စတန်နိုင်ငံသည် ၂၀၅၀ ပြည့်နှစ်အထိ နှစ်စဉ်ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၄၀-၅၀ ဘီလီယံ လိုအပ်မည်ဟု ပါကစ္စတန်ဗဟိုဘဏ်၏ အကြီးအကဲဟောင်းတစ်ဦးက ဆိုသည်။

**ကိုးကား-ဆင်ဟွာ၊ Al Jazeera**

- **ရုတ်တရက်ရေကြီးမှုနှင့် အခြားဘေးအန္တရာယ်များဖြစ်ပွားရာနှင့် ရာသီဥတု အရေးပေါ်အခြေအနေကို ဖြေရှင်းရာတွင် နိုင်ငံတကာအဖွဲ့အစည်းထံမှ အကူအညီများ မရရှိခဲ့ဟု ပါကစ္စတန်အစိုးရက ဆို**
- **မြင့်တက်လာသည့် ရာသီဥတုဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းရန် ပါကစ္စတန် နိုင်ငံသည် ၂၀၅၀ ပြည့်နှစ်အထိ နှစ်စဉ် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၄၀- ၅၀ ဘီလီယံ လိုအပ်မည်**

## ဓာတ်ရောင်ခြည်နည်းပညာသုံးပစ္စည်းများ စနစ်တကျသုံးစွဲနိုင်ရေး အသိပေးနှိုးဆော်ချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အဏုမြူစွမ်းအင် အသုံးပြုမှု ဖွံ့ဖြိုးတိုးတက်စေရန်၊ အဏုမြူစွမ်းအင် အသုံးပြုရာတွင် ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် လူနှင့်ပတ်ဝန်းကျင်တွင် အဏုမြူဖြာထွက်ရောင်ခြည် သက်ရောက်မှုကို ကာကွယ်ထိန်းသိမ်းရန်အတွက် အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန်တို့အတွက် ရည်ရွယ်၍ အဏုမြူစွမ်းအင်ဥပဒေကို ၁၉၉၈ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းထားပါသည်။

၂။ ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အဏုမြူစွမ်းအင်အသုံးချမှုများ တိုးပွားလာရာ အထူးသဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးစသည့် နယ်ပယ်များတွင် ခေတ်နှင့်လျော်ညီစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။ နိုင်ငံအတွင်းရှိ အဏုမြူစွမ်းအင်အသုံးပြုမှုကို အဓိကအသုံးချနေသည့် လုပ်ငန်းနှင့် လုပ်ဆောင်မှုများသည် အဏုမြူစွမ်းအင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်ကို စစ်ဆေးတွေ့ရှိရသော်လည်း အချို့မှာ အဏုမြူစွမ်းအင်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မှု မရှိကြောင်း သတင်းပေးမှုများအရလည်း သိရှိရပါသည်။ ထိုသို့လိုက်နာဆောင်ရွက်မှုမရှိခြင်းသည် အများပြည်သူနှင့် သဘာဝပတ်ဝန်းကျင်အပေါ် အန္တရာယ်ကင်းရှင်းရေးအတွက် စိုးရိမ်မကင်းမှုများ ဖြစ်ရပါသည်။

၃။ အဏုမြူစွမ်းအင်ဦးစီးဌာနအနေဖြင့် နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်းနှင့် ရောင်ခြည်ထုတ်ကိရိယာကို အသုံးပြုခြင်းဆိုင်ရာ အသိပေးနှိုးဆော်ချက်အား နိုင်ငံပိုင် နေ့စဉ်ထုတ် သတင်းစာများဖြစ်သော မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာများမှနေ၍ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့နှင့် ၁၈ ရက်နေ့တို့တွင် လည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် လည်းကောင်း အသိပေးနှိုးဆော်ခဲ့ပြီး ဖြစ်ပါသည်။

၄။ ဆေးရုံ/ဆေးခန်းများနှင့် ကုမ္ပဏီများတွင် အသုံးပြုသည့် Dental၊ Bone Densitometer၊ Mammography၊ C-arm၊ X-ray machines၊ CT scanner၊ Angiography၊ Linear Accelerator၊ PET-CT၊ SPECT-CT၊ Cyclotron ကဲ့သို့သော ရောင်ခြည်ထုတ်ကိရိယာများနှင့် ရေဒီယိုသတ္တိကြွပစ္စည်းများကို အသုံးချရာတွင် အဏုမြူစွမ်းအင်ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၅။ တည်ဆဲအဏုမြူစွမ်းအင်ဥပဒေ၏ အခန်း(၁၂)၊ ပုဒ်မ (၂၉)၊ ပုဒ်မ (၃၀)၊ ပုဒ်မ (၃၁) နှင့် ပုဒ်မ(၃၂) တို့တွင် "မည်သူမျှ နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ်ကိရိယာကိုပြည်တွင်းသို့ တင်သွင်းရန်နှင့် ပြည်ပသို့တင်ပို့ရန် ကြိုတင်ခွင့်ပြုချက်၊ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့် လိုင်စင်မရှိဘဲတင်သွင်းခြင်း၊ တင်ပို့ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းနှင့် ဌာနမှ ဆက်လက်သုံးစွဲရန် မသင့်ဟု သတ်မှတ်ထားသည်ကို ဆက်လက်၍ လက်ဝယ်ထားရှိခြင်း၊ အသုံးပြုခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း သို့မဟုတ် ရောင်းချခြင်းမပြုရ" ဟု တားမြစ်ပြဋ္ဌာန်းထားပါသည်။

၆။ အဆိုပါတားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက မည်သူမဆို ပုဒ်မ (၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄)များအရ ထောင်ဒဏ် ၃ နှစ်မှ ၇ နှစ်အထိ ထောင်ဒဏ်ကိုဖြစ်စေ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟူ၍ ပြစ်ဒဏ်များကို အတိအလင်း ဖော်ပြပြဋ္ဌာန်းထားပါသည်။

၇။ သို့ဖြစ်ပါ၍ အဏုမြူစွမ်းအင်ကို အသုံးချနေသည့် လုပ်ငန်းနှင့် လုပ်ဆောင်မှုများကို ဆောင်ရွက်နေသူများအနေဖြင့် အဏုမြူစွမ်းအင်ဥပဒေနှင့်အညီ ဆောင်ရွက်လုပ်ကိုင်ကြပါရန်နှင့် နျူကလီးယားပစ္စည်း၊ ရေဒီယိုသတ္တိကြွပစ္စည်း သို့မဟုတ် ရောင်ခြည်ထုတ် ကိရိယာကို ပြည်တွင်းသို့ တင်သွင်းပြီး မှတ်ပုံတင်နှင့် လုပ်ငန်းလိုင်စင်မရှိသေးဘဲ လက်ဝယ်ထားရှိအသုံးပြုနေသူများနှင့် သက်တမ်းကုန်လိုင်စင်များ ကိုင်ဆောင်လုပ်ကိုင်နေကြသူများအနေဖြင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာန၊ ဓာတ်ရောင်ခြည်နှင့်နျူကလီးယားဘေးအန္တရာယ်ကင်းရှင်းရေးဌာန၊ အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်သို့ အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ကြပါရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက ဓာတ်ရောင်ခြည်နှင့်နျူကလီးယားဘေးအန္တရာယ် ကင်းရှင်းရေးဌာနသို့ လူကိုယ်တိုင်သွားရောက်၍ သော်လည်းကောင်း၊ ဖုန်း (၀၁-၅၄၆၂၆၁၊၀၁-၅၄၅၀၆၈၊ ၀၆၇-၄၀၄၄၆၀) သို့လည်းကောင်း၊ e-mail (rpdaenatmauk@gmail.com) သို့လည်းကောင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အဏုမြူစွမ်းအင်ဦးစီးဌာန**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**နေပြည်တော်**

# ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆောင်ရွက်သည်ဆိုရာဝယ် . . .

စည်သူကျော်

မကြာသေးခင်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်မြို့၌ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် အစားအစာနှင့် ခရီးသွားပြပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုခရီးသွားမြှင့်တင်ရေးပြခန်း ပါဝင်ပြသခဲ့သည့်သတင်းကို ဖတ်ရှုလိုက်ရသည်။ ပြခန်းတွင် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသနှင့် ခရီးသွားဆွဲဆောင်မှုများ၊ အစားအစာပြပွဲဆိုသည့်အတွက် မြန်မာ့ရိုးရာအစားအစာများ ထည့်သွင်းပြသမှုအပြင် အခြားသော မြန်မာ့ရိုးရာအကအလှနှင့် တင်ဆက်မှုများကို မြိုင်မြိုင်ဆိုင်ဆိုင်ပြုလုပ်ခဲ့ရာ ပြခန်းသို့လာရောက်လေ့လာကြည့်ရှုသူများ အထူးစိတ်ပါဝင်စား နှစ်ခြိုက်ခဲ့ကြကြောင်း သိရှိရပါသည်။

ယနေ့ကာလတွင် ခရီးသွားလုပ်ငန်းသည် ကမ္ဘာတစ်ဝန်းတွင် အရေးပါသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတို့သည် ခရီးသွားလုပ်ငန်းမှတစ်ဆင့် အကျိုးရလဒ်များ ရရှိစေရန် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ ခရီးသွားလုပ်ငန်းသည် တိုင်းပြည်အတွက် အခွန်ဘဏ္ဍာနှင့် နိုင်ငံခြားဝင်ငွေကိုရရှိစေပြီး အစိုးရနှင့် ဒေသခံများအတွက် ဝင်ငွေကို တိုးတက်ရရှိစေပါသည်။

ခရီးသွားဧည့်သည်များ ဝင်ရောက်လာခြင်းဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအပါအဝင် ဒေသ၏ စီးပွားရေးလုပ်ငန်းစုများကို သက်ဝင်လှုပ်ရှားလာစေပြီး ဟိုတယ်နှင့် တည်းခိုနေထိုင်ရေးလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဧည့်လမ်းညွှန်လုပ်ငန်းများ၊ အစားအစာနှင့် အဖျော်ယမကာထုတ်လုပ်ရောင်းချရေးလုပ်ငန်းများ၊ ဖျော်ဖြေရေးနှင့် အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချရေး လုပ်ငန်းများအထိ အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်ပါသည်။

ယင်းသို့ စီးပွားရေးအခန်းကဏ္ဍအပြင် ခရီးသွားဧည့်သည်များနှင့် ဒေသခံများအကြား ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ ဖလှယ်နိုင်ခြင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးသောဒေသများ၌ လမ်း၊ တံတား၊ ရေ၊ လျှပ်စစ်မီးနှင့်ဆက်သွယ်ရေးစသော အခြေခံအဆောက်အအုံများ၊ လိုအပ်ချက်များ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ရှေးဟောင်းယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတို့၌ အသိပညာဗဟုသုတများ တိုးပွားလာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေပါသည်။

သို့ဖြစ်ရာ ခရီးသွားလုပ်ငန်းသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများစွာကို ဖြစ်ထွန်းစေသော အရေးပါသည့် ကဏ္ဍတစ်ခု ဖြစ်ပါသည်။

ထိုထိုသော အကြောင်းအရာများကြောင့် နိုင်ငံများက ခရီးသွားလုပ်ငန်းမြှင့်တင်ရေးကို နည်းလမ်းအသွယ်သွယ်အသုံးပြု၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်ကို တွေ့မြင်နေရပါသည်။ ယင်းသို့ ခရီးသွားမြှင့်တင်ရေး ဆောင်ရွက်နေမှုများကို နတ်ကရာကျီးမော့ရင်း လွန်ခဲ့သော ၁၀ နှစ် ခန့်က ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုဘာသာရပ်ကို လေ့လာသင်ယူခဲ့စဉ် ဆရာသမားတစ်ဦးပြောကြားသည့် စကားတစ်ခုကို အမှတ်ရမိသည်။ ဆရာသမားက ခရီးသွားလုပ်ငန်းလုပ်ဆောင်ရာမှာ **“သိအောင်လုပ်၊ လာအောင်လုပ်၊ အဆင်ပြေအောင်လုပ်”** ဟူ၍ ဖြစ်ပါသည်။

သိအောင်လုပ်ဆိုသည်မှာ မိမိနိုင်ငံ၊ မိမိခရီးစဉ်ဒေသကို ကမ္ဘာကသိအောင်လုပ်ရမည်။ သိပြီးနောက် လာအောင်လုပ်ဆိုသည်မှာ မိမိနိုင်ငံသို့ လာနိုင်အောင် ဖန်တီးလုပ်ဆောင်ပေးရမည်။ လာပြီးနောက် လာရောက်လည်ပတ်သည့် ဧည့်သည်ကို အဆင်ပြေအောင် ဆောင်ရွက်ပေးရမည်ဟူသော အပိုင်းဖြစ်သည်။ ယနေ့ ခရီးသွားလုပ်ငန်းဆိုင်ရာ သီအိုရီများကို လက်လှမ်းမီသလောက် ရှာဖွေဖတ်ရှုလေ့လာခဲ့ရာမှ ဆရာသမား ပြောကြားသည့် သိအောင်လုပ်ဆိုသည်မှာ ခရီးသွားမြှင့်တင်ခြင်း (Promotion)၊ လာအောင်လုပ်ဆိုသည်မှာ (marketing)၊ အဆင်ပြေအောင်လုပ်ဆိုသည်မှာ (Managing) သဘောတရားများဖြစ်သည်ကို ဆက်စပ်စေ့ငုမိပါသည်။

ယခင်က ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆောင်ရွက်ရာတွင် ခရီးစဉ်ဒေသဆိုင်ရာဆွဲဆောင်မှုများဖြစ်သည့် ရေမြေတောတောင်သဘာဝ အလှအပများ၊ ဘုရားစေတီပုထိုးများ၊ တိုင်းရင်းသားများ၏ ဝတ်စားနေထိုင်မှုပုံစံများ၏ ဓာတ်ပုံများကို ဆိုင်ရာအချက်အလက်များ၊ Storytelling ပုံစံရေးသားဖော်ထုတ်ချက်များဖြင့် စာအုပ် (Booklet)၊ လက်ကမ်းစာစောင် (Pamphlet) များရိုက်နှိပ်၍ ထုတ်ဝေဖြန့်ချိရသည်။ ပြည်ပနိုင်ငံရှိ သံရုံးများသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ပို့ဆောင်၍ ဖြန့်ဝေရသည်။ ပြည်ပနိုင်ငံများသို့ အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးသွားရောက်သူများနှင့်

> ❂ **ထိတွေ့ကိုင်တွယ်နိုင်သော ခရီးသွားမြှင့်တင်ရေး (Tangible) မှသည် ထိတွေ့ကိုင်တွယ်မရသော ခရီးသွားမြှင့်တင်ရေး (Intangible) အသွင်သို့ ပြောင်းလဲသွားခြင်းဖြစ်၊ အကျိုးရလဒ်မှာ ရွှေ့ပြောင်းသယ်ဆောင်ရမှု ဝန်ထုပ်ဝန်ပိုးလျော့ကျ၍ ပိုမိုမြန်ဆန်ထိရောက်မှုရှိလာ**
>
> ❂ **သို့သော် များပြားလှသော ဒစ်ဂျစ်တယ်ပရိုမိုးရှင်းများကြားတွင် မိမိ၏ ထုတ်ကုန်သည် စွဲထင်ကျန်ရစ်စေရန် ခက်ခဲလာ**
>
> ❂ **ထိတွေ့ကိုင်တွယ်၍မရသော (Intangible Promotion) များသည် ပျောက်ကွယ်လွယ်သော (Perishable) စိန်ခေါ်မှုအခက်အခဲရှိသည်။ ထို့ကြောင့် ဆန်းသစ်သော စိတ်ကူးဉာဏ် (Innovative Thinking) တီထွင်ဖန်တီးမှုများဖြင့် ယှဉ်ပြိုင်ထုတ်ဖော်လာကြသည်ကို တွေ့ရှိရမည်ဖြစ်**



ထည့်ပေး၍ ကိုယ့်နိုင်ငံရှိ ခရီးသွားဆွဲဆောင်မှုများကိုသိရှိရန် ဆောင်ရွက်စေရသည်။ ထို့နောက် နိုင်ငံတကာတွင် ကျင်းပပြုလုပ်သော ခရီးသွားပြပွဲများတွင် သွားရောက်ပါဝင်ပြသရသည်။ ကိုယ်ဈေးကွက်ရှာဖွေဖိတ်ခေါ်လိုသော နိုင်ငံများမှ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၊ မီဒီယာများကို မိမိနိုင်ငံသို့ ရင်းနှီးကျွမ်းဝင်မှုရှိစေရေးအတွက် အလည်အပတ်ခရီးစဉ်ခေါ်ဆောင်ခြင်း (Familiarization Trip)တို့ကို လုပ်ဆောင်ရသည်။ သိအောင်လုပ်ခြင်း (Promotion) ဖြစ်ပါသည်။

ယနေ့ကာလတွင် နည်းပညာပိုင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းလာသည်နှင့်အတူ ခရီးသွားမြှင့်တင်ခြင်းသည်လည်း သမားရိုးကျလုပ်ငန်းစဉ်များမှ ဖောက်ထွက်ကာ အပြိုင်အဆိုင်ဖြစ်လာသည်ကို တွေ့ရှိလာရသည်။ ထင်ရှားကျော်ကြားသူများအား ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ်စေကာ လူမှုကွန်ရက်မှ မြှင့်တင်ကြော်ငြာကြသည်။ ခရီးသွားဝက်ဘ်ဆိုက်များ တည်ထောင်၍ ဘာသာစကားမျိုးစုံဖြင့် ဖတ်ရှုနိုင်စေရန် လုပ်ဆောင်ကြသည်။ မိမိဝက်ဘ်ဆိုက် ပိုမိုလူသိများစေရန် Search Engine Optimization (SEO) ပြုလုပ်ကြသည်။

ခရီးသွားလုပ်ငန်းမြှင့်တင်မှုမီဒီယံ (Medium) သည် သိသာထင်ရှားစွာ ပြောင်းလဲသွားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ထိတွေ့ကိုင်တွယ်နိုင်သော ခရီးသွားမြှင့်တင်ရေး(Tangible) မှသည် ထိတွေ့ကိုင်တွယ်မရသော ခရီးသွားမြှင့်တင်ရေး (Intangible) အသွင်သို့ ပြောင်းလဲသွားခြင်း ဖြစ်ပါသည်။ အကျိုးရလဒ်မှာ ရွှေ့ပြောင်းသယ်ဆောင်ရမှု ဝန်ထုပ်ဝန်ပိုးလျော့ကျ၍ ပိုမိုမြန်ဆန်ထိရောက်မှုရှိလာသည့် သဘောဖြစ်ပါသည်။ သို့သော် များပြားလှသော ဒစ်ဂျစ်တယ်ပရိုမိုးရှင်းများကြားတွင် မိမိ၏ထုတ်ကုန်သည် စွဲထင်ကျန်ရစ်စေရန် ခက်ခဲလာသည်။ ထိတွေ့ကိုင်တွယ်၍မရသော (Intangible Promotion) များသည် ပျောက်ကွယ်လွယ်သော (Perishable) စိန်ခေါ်မှုအခက်အခဲရှိသည်။ ထို့ကြောင့် ဆန်းသစ်သော စိတ်ကူးဉာဏ် (Innovative Thinking) တီထွင်ဖန်တီးမှုများဖြင့် ယှဉ်ပြိုင်ထုတ်ဖော်လာကြသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ခရီးသွားမြှင့်တင်သည်ဟုဆိုရာတွင် မည်သို့မြှင့်တင်သည်ကိုဖော်ပြပြီးသော် ခရီးသွားလုပ်ငန်းသည် ကျယ်ပြန့်သော သဘောသဘာဝရှိသည့် အလျောက်မည်သည်ကို မြှင့်တင်ရပါမည်နည်း ဟူသော မေးခွန်းသည် ဆက်လက်ပေါ်ပေါက်လာခဲ့သည်။ ရိုးရှင်းစွာတင်ပြရပါလျှင် ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းသည် ခရီးသွားထုတ်ကုန်များ (Tourism Products)များကို မြှင့်တင်ခြင်းပင် ဖြစ်ပါသည်။

Tourism Product နှင့်ပတ်သက်၍ ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်းမှ မိတ်ဆွေတော်တော်များများက စာရေးသူထံ ဆွေးနွေးမေးမြန်းမှုများ ရှိခဲ့ပါသည်။ ခရီးသွားလုပ်ငန်းနယ်ပယ်မှ မဟုတ်သော မိတ်ဆွေအချို့လည်း လှမ်းဆက်သွယ်မေးမြန်းကြတာရှိပါသည်။ အချို့က မုန့်ဟင်းခါးသည် Tourism Product ဟုတ်ပါသလားဟု မေးမြန်းသည်ပင် ရှိပါသည်။ မြန်မာ့ခရီးသွားလုပ်ငန်းနယ်ပယ်တွင် Tour Operation လုပ်သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများမှလွဲ၍ Tourism Product နှင့် စပ်လျဉ်း၍ ထဲထဲဝင်ဝင် သုံးသပ်ဆွေးနွေးမှုမျိုး များစွာမရှိလှသည်ကို သတိပြုခဲ့မိပါသည်။ မိမိအနေဖြင့် မိမိနားလည်လက်ခံထားသော အသိပညာဗဟုသုတအနည်းငယ်အတွင်းမှပင် လက်လှမ်းမီသလောက် ပြန်လည်ရှင်းလင်း ဆွေးနွေးဖြစ်ခဲ့ပါသည်။

Tourism Product ကို ခရီးသွားလုပ်ငန်းထုတ်ကုန်ဟု မြန်မာမှုပြုကြသည်ကို တွေ့ရလေ့ရှိရာ ထုတ်လုပ်မှုထုတ်ကုန် (A product of a manufacturing) နှင့် ရောထွေးနားလည်ကြဟန်တူပါသည်။ ဤနေရာတွင် Product ထုတ်ကုန်ဟု ခေါ်ဝေါ်သုံးစွဲရသည်မှာ ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ ဝန်ဆောင်မှုပို့ကုန်ကဏ္ဍ Export Sector တစ်ခုအဖြစ် သတ်မှတ်ကြသောကြောင့် ဖြစ်ပါသည်။ မိမိသိမှတ်နားလည်ထားမှုအရမူ Tourism Product ဆိုသည်မှာ ပြည်တွင်း၊ ပြည်ပဧည့်သည်များ ခရီးစဉ်ဒေသသို့ လာရောက်လေ့လာလည်ပတ်စားသုံးသော အရာကို Tourism Product ဟု ခေါ်ဆိုနိုင်သည်ဟု သုံးသပ်ပါသည်။ ဥပမာ–မုန့်ဟင်းခါးသည် မြန်မာ့ရိုးရာအစားအစာ တစ်မျိုးဖြစ်ပါသည်။ ပြည်တွင်း(သို့မဟုတ်) ပြည်ပဧည့်သည်များသည် (ဒေသတစ်ခုသို့) အဆိုပါ မုန့်ဟင်းခါးကို မြည်းစမ်းစားသုံးရန် သွားရောက်လည်ပတ်သည်ဆိုလျှင် မုန့်ဟင်းခါးသည် ခရီးစဉ်ဒေသ၏ ခရီးသွားလုပ်ငန်းထုတ်ကုန် (Tourism Product) ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ယဉ်ကျေးမှုနှင့်ရေမြေတောတောင်သဘာဝအလှအပများကို တွေ့ထိခံစားလို၍ လာရောက်လည်ပတ်ကြသည်ဆိုပါက အဆိုပါ ရေမြေတောတောင်

*စာမျက်နှာ ၁၇ သို့*

## ရမည်းသင်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေး

**ရမည်းသင်း ဇူလိုင် ၂၁**

ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက အထက



(မြို့မ)ကျောင်း၌ ကျင်းပရာ ခရိုင်လျှပ်စစ်မန်နေဂျာရုံးမှ ခရိုင်လျှပ်စစ်မန်နေဂျာ ဦးစိုးနိုင်က လူငယ်နှင့်လျှပ်စစ်အန္တရာယ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိမ့်သိမ့်မျိုးက လူငယ်နှင့် လူကုန်ကူးမှုအန္တရာယ် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက ကလေးသူငယ် အခွင့်အရေးဆိုင်ရာဥပဒေ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇင်မာထွန်းက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ် ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ဟောပြောခဲ့ကြရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြသည်။

ထို့နောက် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန္တာလင်း(ပြန်/ဆက်)**



## ဝမ်းတွင်းမြို့နယ်၌ တရားမဝင်ဓာတ်အားသုံးစွဲမှု ပပျောက်ရေး ကွင်းဆင်းစစ်ဆေး

**ဝမ်းတွင်း ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ တရားမဝင်ဓာတ်အားသုံးစွဲမှုပပျောက်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့က မြို့ပေါ်ရပ်ကွက်များတွင် ဆောင်ရွက်သည်။

ဝမ်းတွင်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံးအနေဖြင့် ဌာနဝင်ငွေတိုးတက်ရရှိရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုများ ပပျောက်ရေးအတွက်၊ ဒုတိယမြို့နယ်လျှပ်စစ်မန်နေဂျာဦးဆောင်၍ ဝန်ထမ်းများနှင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များက မြို့ပေါ်ရပ်ကွက်များရှိ လူနေအိမ်၊ စက်ရုံ၊ အလုပ်ရုံတို့တွင် ဆောင်ရွက်ခဲ့ကြပြီး မြို့နယ်အတွင်း တရားမဝင်ဓာတ်အားသုံးစွဲမှုများ ပပျောက်ရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မော်လမြိုင်မြို့နယ် စွမ်းဆောင်ရှင် ဈေးသမအသင်း နှစ်ပတ်လည်စည်းဝေး

**မော်လမြိုင် ဇူလိုင် ၂၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ စွမ်းဆောင်ရှင် ဈေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၁၈ ရက်က မွန်ပြည်နယ် သမဝါယမအသင်းစုချုပ်ရုံး၌ ကျင်းပသည်။

ဦးစွာ အသင်းဥက္ကဋ္ဌ ဒေါ်ရွှေနှင်းဆီက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်အေးမြတ်မြတ်မွန်က အရပ်ရပ်ဆိုင်ရာ အစည်းအဝေးဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။



ဆက်လက်၍ အသင်းမှ တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် အမှုဆောင်အဖွဲ့၏အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြားတင်ပြသည်။ ထို့နောက် အသင်းသားများ၏အတည်ပြုချက်ရယူခဲ့ကြသည်။

အခမ်းအနားတွင် စွမ်းဆောင်ရှင် ဈေးသမဝါယမအသင်းမှ တာဝန်ရှိသူများက အသင်းသား ၅၀ ၏ အစုပေါ်အမြတ်ငွေများ ပေးအပ်ခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့် (ပြန်/ဆက်)**



## ညောင်ရွှေမြို့နယ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ညောင်ရွှေ ဇူလိုင် ၂၁**

၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၀ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ရွာသာကျေးရွာအုပ်စု ရွှေခေးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးကျော်စွာလင်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက တက်ရောက်လာသူများအား ပျိုးပင်များ ဖြန့်ဝေပေးကာ မာတာကွတ်ပျိုးပင် ၁၇၀၊ ပြည်လုံးချမ်းသာပျိုးပင် ၁၅၀၊ အာဖကန်ကျူးလစ်ပျိုးပင် ၁၀၀၊ စိန်ပန်းပြာပျိုးပင် ၁၀၀၊ စိန်ပန်းနီပျိုးပင် ၃၀ စုစုပေါင်းပျိုးပင် ၅၅၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲဆောင်ရွက်

**ရမည်းသင်း ဇူလိုင် ၂၁**

ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးမှ ခရိုင်လျှပ်စစ်မန်နေဂျာနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့က လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး



အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အထက(မြို့မ)ကျောင်း၌ ကျင်းပသည်။

ဦးစွာ ရမည်းသင်းခရိုင် လျှပ်စစ်မန်နေဂျာဦးစိုးနိုင်က လျှပ်စစ်သတိ၊ လျှပ်စစ်အသိရှိစေရေးအတွက် ယခုဟောပြောပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သတိပြုရမည့်အချက်များ၊ လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် သတိပြုရမည့်အချက်များ၊ လျှပ်စစ်စီးဝင်နိုင်သည့်ပစ္စည်းများ၊ လျှပ်စစ်စီးဝင်နိုင်ခြင်းမရှိသည့်ပစ္စည်းများ၊ ဓာတ်လိုက်ခံရပါက ပြုလုပ်ရမည့်အချက်များနှင့် ရှေးဦးသူနာပြုစုနည်းများကို ပရိဂျက်တာဖြင့်ပြသ၍ အသေးစိတ်ဟောပြောခဲ့ရာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ကြပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

သဘာဝများနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများသည် Product များ ပင်ဖြစ်ပါသည်။ ဤတွင် တွေ့ထိခံစားလို၍ဟုဆိုရာ Product များသည် ထိတွေ့ကိုင်တွယ်နိုင်သော Tangible များဖြစ်နိုင်သလို ခံစားရုံသက်သက်ဖြစ်သော Intangible များလည်း ဖြစ်နိုင်သောကြောင့် ဖြစ်ပါသည်။

အကယ်စင်စစ် Tourism Product များသည် ကွဲပြားရှုပ်ထွေးသော သဘောသဘာဝရှိပါသည်။ ခရီးသွားလုပ်ငန်းသဘောသဘာဝအရ များပြားသော စီးပွားရေးလုပ်ငန်းနှင့် ဝန်ဆောင်မှု အစိတ်အပိုင်းများပါဝင်နေခြင်းကပင် Tourism Product များတွင် မတူကွဲပြားသောအရာများ ဟန်ချက်ညီစွာပါဝင်နေသည်ကို သိနိုင်ပါသည်။ Tourism Product များသည် ခရီးသွားဧည့်သည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသောအရာများ ဖြစ်ပါသည်။ လူသားများ မိမိနေထိုင်ရာဒေသမှ အခြားဒေသတစ်ခုသို့ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် ခရီးသွားလာရာတွင် ၎င်းတို့လိုအပ်သော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့်အရာများ ဖြစ်ပါသည်။

ယင်းလိုအပ်ချက်များတွင် ဦးစားပေးလိုအပ်ချက်နှင့် အဖြည့်ခံလိုအပ်ချက်ဟူ၍ နှစ်မျိုး ထပ်မံခွဲခြားနိုင်ပါသည်။ ဥပမာအားဖြင့် ကမ္ဘာလှည့်ခရီးသွားတစ်ယောက်သည် ပုဂံသို့ လာရောက်လည်ပတ်ရာတွင် ပုဂံ၏ ရှေးဟောင်းယဉ်ကျေးမှုဝိသေသလက္ခဏာများကို စူးစမ်းလေ့လာလိုခြင်းသည် ၎င်း၏ ဦးစားပေး ကနဦးလိုအပ်ချက်ဖြစ်ပြီး ပုဂံဒေသသို့ လာရောက်ရာတွင် တည်းခိုနေထိုင်ခြင်း၊ တစ်နေရာမှ တစ်နေရာသို့ သွားလာရေးအတွက် သယ်ယူပို့ဆောင်ရေးယာဉ်အသုံးပြုခြင်း၊ အစားအစာများ ဝယ်ယူစားသောက်ခြင်းတို့သည် အဖြည့်ခံလိုအပ်ချက်များပင် ဖြစ်ပါသည်။ အဆိုပါဧည့်သည်၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးသော ပုဂံ၏ယဉ်ကျေးမှုဝိသေသလက္ခဏာများ၊ ဟိုတယ်၊ စားသောက်ဆိုင်နှင့် သယ်ယူပို့ဆောင်ရေးတို့သည် Tourism Product များပင် ဖြစ်ပါသည်။

Tourism Product များသည် အခြားသော ထုတ်လုပ်မှု ထုတ်ကုန်များကဲ့သို့ ကုန်ထုတ်လုပ်မှုလုပ်ငန်းတစ်ခုတည်းက ထုတ်လုပ်ပေးနိုင်သော အရာများမဟုတ်ပေ။ ခရီးသွားဧည့်သည်တစ်ဦး၏ ပြီးပြည့်စုံသော ခရီးစဉ်အတွေ့အကြုံကို များစွာသော Tourism Product များက ပံ့ပိုးဖြည့်ဆည်းပေးရပါသည်။ လေကြောင်းလိုင်းများနှင့် မော်တော်ယာဉ်များ၊ ဟိုတယ် အခန်းများ၊ စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်းများနှင့် ခရီးသွားလုပ်ငန်းအေဂျင်စီများမှ ရောင်းချပေးလိုက်သော လှည့်လည်ပြသရေးခရီးစဉ်များသည် ခရီးသွားဧည့်သည်များ၏ ခရီးစဉ်လိုအပ်ချက်ကို ဖြည့်ဆည်းပေးသော ထုတ်ကုန်များ ဖြစ်ပါသည်။

အမေရိကန်စီးပွားရေးနှင့် ဈေးကွက်ပညာရှင် ဖိလစ်ကော့တလာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ Product များသည် ဈေးကွက်၏ အာရုံစူးစိုက်မှုကိုရရှိပြီး ဝယ်ယူသုံးစွဲမှုနှင့် စားသုံးမှုရရှိစေသော အရာကို ခေါ်ဆိုပါသည်။ ယင်းအရာသည် လိုအင်ဆန္ဒတစ်ခု (သို့မဟုတ်) လိုအပ်ချက်တစ်ခုကို ဖြည့်ဆည်းပေးနိုင်သောအရာများ ဖြစ်ပါသည်။ သို့ဆိုလျှင် Tourism Product များသည် ခရီးသွားဧည့်သည်များ လာရောက်လေ့လာလည်ပတ်နိုင်စေရန် ဈေးကွက်တွင် တင်သွင်းရောင်းချနိုင်သော အရာများဖြစ်ရပါမည်။ ထိုသို့ဆိုလျှင် ဈေးကွက်သို့ တင်သွင်း ရောင်းချခြင်းမပြုနိုင်သော အရာများကို Tourism Product ဟုခေါ်ဆို၍ ရနိုင်မည် မဟုတ်ပေ။

ယနေ့ခေတ်ကာလတွင် လူသားတို့၏ ကွဲပြားခြားနားသော စရိုက်လက္ခဏာ၊ ရည်ရွယ်ချက်နှင့် ဝါသနာတို့အပေါ်မူတည်၍ ခရီးသွားလုပ်ငန်းအမျိုးအစားများစွာဖြစ်ပေါ်လာခဲ့ရာ Tourism Product များသည်လည်း ပိုမိုကွဲပြားစွာပေါ်ထွက်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ ဆေးကုသမှုပြုလုပ်ရန် ဆောင်ရွက်သော ခရီးသွားလုပ်ငန်း၊ အားကစားနှင့်ပတ်သက်သော ခရီးသွားလုပ်ငန်း၊ ပညာရေး၊ စီးပွားရေးနှင့်ပတ်သက်သော ခရီးသွားလုပ်ငန်းစသည်တို့တွင် Tourism Product များသည် အခြားသော ခရီးသွားလုပ်ငန်းများနှင့် များစွာခြားနားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းထုတ်ကုန်များကို မြှင့်တင်ခြင်းသည် ခရီးသွားလုပ်ငန်းမြှင့်တင်ခြင်းပင် ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းထုတ်ကုန် Tourism Product များကို ချဲ့ထွင်ဆောင်ရွက်သော်လည်း မြှင့်တင်ခြင်း (Promotion) လုပ်ငန်းစဉ်ဆောင်ရွက်ချက်မပါဝင်ပါက ပြီးပြည့်စုံသော လုပ်ငန်းကဏ္ဍအဖြစ်ထွက်ပေါ်လာမည်မဟုတ်ပေ။ ထို့ကြောင့် ခရီးသွားလုပ်ငန်းထုတ်ကုန်နှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးဆောင်ရွက်ချက်တို့ ဟန်ချက်ညီညီပေါ်ထွက်လာစေရေး ခရီးသွားလုပ်ငန်း အကျိုးမျှော်၍ နှိုးဆော်ရေးသားလိုက်ရပါသည်။ ။

## လယ်ဝေးမြို့နယ်၌ ရွှေပြည်ဝင်စာကြည့်တိုက်နှင့် ရွှေကျင်အေးစာကြည့်တိုက်ဖွင့်ပွဲများကျင်းပ



**လယ်ဝေး ဇူလိုင် ၂၁**

လယ်ဝေးမြို့နယ် ဝင်တဲကူးကျေးရွာ ရွှေပြည်ဝင်စာကြည့်တိုက်နှင့် ရွှေကျင်ကျေးရွာ၊ ရွှေကျင်အေးစာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး တက်ရောက်ဖွင့်လှစ်သည်။

ဦးစွာ ဝင်တဲကူးကျေးရွာ ရွှေပြည်ဝင် စာကြည့်တိုက် အဆောက်အအုံသစ်ကို နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးကျော်သူရ၊ ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်တာ၊ ဝင်တဲကူးအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်သိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင်က အမှာစကားပြောကြားသည်။

ယင်းနောက် နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌက စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရထံ လွှဲပြောင်းပေးအပ်ပြီး နေပြည်တော်ကောင်စီဝင်နှင့်တာဝန်ရှိသူများက အလှူငွေများ၊ စာအုပ်စာစောင်များ၊ MRTV DTH စလောင်းနှင့် MRTV DVB- T2 Set Top Box တစ်စုံနှင့် အထောက်အကူပြုအဖွဲ့များအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်ပြီး ရွှေပြည်ဝင် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် ရွှေကျင်ကျေးရွာ ရွှေကျင်အေးစာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ အလှူငွေ၊ စာအုပ်စာစောင်နှင့် MRTV DTH စလောင်းနှင့် Set Top Box တစ်စုံ၊ ဆိုလာမီးအိမ်နှင့် ဆိုလာမီးလုံးများကို ပေးအပ်လှူဒါန်းခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## ရမည်းသင်းခရိုင် နိုင်ငံပိုင်စက်ရုံ အန္တရာယ်ကင်းရှင်းရေး စစ်ဆေး



**ရမည်းသင်း ဇူလိုင် ၂၁**

ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့ အမှတ်(၈)အထည်စက်ရုံသို့ ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့ကို နေပြည်တော် စက်မှုဝန်ကြီးဌာန ရုံးချုပ်မှ EI(ဘွိုင်လာ) စစ်ဆေးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ရွှေ၊ EI လျှပ်စစ်စစ်ဆေးရေးမှူးချုပ်နှင့် ခရိုင်လျှပ်စစ် စစ်ဆေးရေးမှူးများ လိုက်ပါစစ်ဆေးပြီး အပြန်တွင် ရမည်းသင်းမြို့ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ ရမည်းသင်းခရိုင်ရုံးခွဲသို့ ဝင်ရောက်စစ်ဆေးရာ ရုံးအနေအထား ကြည့်ရှုစစ်ဆေးခြင်း၊ ငလျင်ဘေးဒဏ်ကြောင့်အဆောက်အအုံများ ပျက်စီးနေမှုအခြေအနေ ကြည့်ရှုစစ်ဆေးခြင်း၊ ဝန်ထမ်းများ စည်းစည်းလုံးလုံး နေရန်နှင့် ရုံးပတ်ဝန်းကျင် သန့်ရှင်းသာယာမှုရှိစေရေးမှာကြားပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ **၂၁၄**

## မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်၏ ၂၀၂၅-၂၀၂၇ ခုနှစ် ကာလအတွက် (၆)ကြိမ်မြောက် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင် ၁၉ ရက်က ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသား အလုပ်သမားများ အဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် ရွေးချယ်ခံရသည့် အလုပ်အမှုဆောင် အမည်စာရင်းနှင့် အဆင့်တာဝန်ထမ်းဆောင်မည့်အလုပ်အမှုဆောင် အမည်စာရင်းအား ရွေးချယ်တင်မြှောက်ရေးကော်မရှင်မှ ကြေညာချက်ထုတ်ပြန်သည်။

ထို့ပြင် ရွေးချယ်ခံရသည့် အလုပ်အမှုဆောင်များနှင့် အဆင့်တာဝန်ထမ်းဆောင်မည့် အလုပ်အမှုဆောင်များအား အရည်အချင်းစစ်ဆေးခြင်းနှင့် လုပ်ငန်းစဉ်များအား ဇူလိုင် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

## လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ရေးဆောင်ရွက်



**ကျောက်ဆည် ဇူလိုင် ၂၁**

ကျောက်ဆည်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပင်တလည်ကျေးရွာအုပ်စုအတွင်းရှိသပြေသာ ပင်တလည်-ပတ္တာလမ်းကျောက်ရောမြေခင်းခြင်း (၁/၆) မိုင်အား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၈၇ ဒသမ ၂၃ သန်းဖြင့် ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ဇူလိုင် ၂၁ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ မီးဘေးအသိပညာပေး

**ပခုက္ကူ ဇူလိုင် ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်း၌ ယမန်နေ့နံနက် ၉ နာရီက မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

ဟောပြောပွဲတွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန (ပခုက္ကူခရိုင်ရုံး)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလင်းက အမှာစကားပြောကြားပြီး ပခုက္ကူမြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်က မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းများ၊ အရေးပေါ်မီးငြိမ်းသတ်နည်းများ၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအကြောင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နုနုဝင်းက သဘာဝဘေးအန္တရာယ် ဖြစ်ပွားရသည့် အကြောင်းရင်းများတို့ကို အသိပညာပေးပြောကြားပြီး အရေးပေါ်မီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြခြင်းများ ဆောင်ရွက်ခဲ့သည်။ **ဘာမီသာ(ပခုက္ကူ)**



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ



**နေပြည်တော် ဇူလိုင် ၂၁**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Grand Sirius Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Neta U အမျိုးအစားလျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် YP7 Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota bZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်းဘဲတန်းမြို့နယ်၌ နေဝန်းနီသမဝါယမအသင်းလီမိတက် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

**ပန်းဘဲတန်း ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် နေဝန်းနီအထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၂၁ ရက် နံနက်ပိုင်းက ပန်းဘဲတန်းမြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။



အဆိုပါအခမ်းအနားကို အသင်းဥက္ကဋ္ဌ ဦးသန်းစိုးအေးက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် အသင်း၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေပုံကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်း၏အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးနှစ် ရှင်းတမ်းများကို အသင်းအတွင်းရေးမှူး ဦးဇော်မြင့်ဦးက ဖတ်ကြားတင်သွင်းပြီး အသင်းသားတစ်ဦးဖြစ်သူ ဦးနေမျိုးက ထောက်ခံအဆိုပြု၍ အသင်းသားများက သဘောတူ အတည်ပြုကြသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေများနှင့် အသင်းများဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော အသင်းသားများအား အစုပေါ်အမြတ်များ ခွဲဝေပေးခဲ့ကြောင်း သိရသည်။ **ဖြူဖြူဝင်း(ပြန်/ဆက်)**

# မြစ်သားမြို့နယ်၌ ပဲတီစိမ်းသီးနှံများ စတင်ရိတ်သိမ်းလျက်ရှိ



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ပဲတီစိမ်း(မိုး) ကို ကျောက်ဆည်မြို့နယ်တွင် ၄၁၂၃ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၄၆၄၁ ဧက၊ မြစ်သားမြို့နယ်တွင် ၁၀၈၇၁ ဧက စုစုပေါင်း ၁၉၆၃၅ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရသိရှိရပြီး လက်ရှိအချိန်တွင် မြစ်သားမြို့နယ်၌ ပဲတီစိမ်းသီးနှံများ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းသီးနှံကို မတ်လနှင့် ဧပြီလများတွင် စတင်စိုက်ပျိုးကြပြီး ဇွန်လနှင့် ဇူလိုင်လများတွင် ခူးဆွတ်ရကြောင်း၊ ကျောက်စိမ်းမျိုးနှင့် ရေဆင်း-၁၁ မျိုးကို အများဆုံးစိုက်ပျိုးကြကာ တစ်ဧကလျှင် မျိုးစေ့ ၅ - ၆ ပြည်ခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၄၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခုအချိန်တွင် ပဲတီစိမ်းသီးနှံများ ရိတ်သိမ်းလျက်ရှိပြီး တစ်ဧကလျှင် ၁၀ - ၁၂ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြကာ အကျိုးအမြတ်များရရှိသည့်အတွက် တောင်သူများအဆင်ပြေကြောင်း ပဲတီစိမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။


DOCA(မန္တလေး)

# မကွေးမြို့နယ်၌ မိုးနှမ်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်ကြပြီး စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဆီထွက်သီးနှံများနှင့် စားဖိုဆောင်သုံးသီးနှံများကို ရာသီအလိုက် စိုက်ပျိုးလျက်ရှိရာ နှမ်းသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

နှမ်းကို မေလဆန်းတွင် စတင်စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် သိပ္ပံနှမ်းနက်မျိုးကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့သုံးပြည်ခန့် ကုန်ကျကြောင်း၊ ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကာ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ယခင်နှစ်က စုစုပေါင်းငွေကျပ် ငါးသိန်းခန့်ကုန်ကျခဲ့ရာ ယခုနှစ်တွင် သွင်းအားစုဈေးနှုန်းများ မြင့်တက်လာသည့်အတွက် စုစုပေါင်း ငွေကျပ်ခြောက်သိန်းခန့်ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၆-၇ တင်း ခန့် ထွက်ရှိခဲ့ပြီး အကျိုးအမြတ်ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြကြောင်း၊ ယခင်နှစ်၌ ရာသီဥတုမျှတမှုနည်းသည့်အတွက် နှမ်းသီးနှံအထွက်နှုန်းများ လျော့နည်းခဲ့သော်လည်း ဈေးကောင်းရရှိသောကြောင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် မိုးများသော်လည်း နှမ်းပင်များ အသေအပျောက်နည်း၍ နှမ်းစိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အထွက်နှုန်းနှင့် ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း နှမ်းသီးနှံစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မကွေး)



# ရွှေတောင်မြို့နယ်၌ ပဲတောင့်ရှည် (ခေါ်) တိုင်ထောင်ပဲ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် စားဖိုဆောင် သီးနှံတစ်မျိုးဖြစ်သော ပဲတောင့်ရှည် (ခေါ်) တိုင်ထောင်ပဲသီးနှံကို စိုက်ပျိုးကြကြောင်း သိရသည်။

ပဲတောင့်ရှည်သီးနှံသည် ရာသီမရွေး စိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး တစ်လခွဲခန့်အကြာတွင် အသီးများ စတင်ခူးဆွတ်နိုင်ကြောင်း၊ ပင်ခြားတစ်ပေ၊ တန်းခြားသုံးပေခြား၍ တိုင်ထောင်စနစ်ဖြင့် စိုက်ပျိုးကြကာ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ်ခြောက်သိန်းခန့် ကုန်ကျကြောင်း၊ တစ်ဧကလျှင် ပဲတောင့်ရှည် ၁၀၀၀၀၀-၁၂၀၀၀၀ တောင့်ခန့်ထွက်ရှိပြီး ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့လာရောက်ဝယ်ယူကြပြီး ပွဲစားများမှ တစ်ဆင့် ဒေသတွင်းရောင်းချမှုများအပြင် ပြည်မြို့နှင့်ရန်ကုန်မြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ပဲတောင့်ရှည်သီးနှံ စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ၍ အကျိုးအမြတ်များရရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

DOCA(ပဲခူး)

# ကျောက်ဆည်မြို့နယ်၌ ခရမ်းသီးများ စတင်ထွက်ပေါ်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံတစ်မျိုးဖြစ်သော ခရမ်းသီးကို စိုက်ပျိုးကြကြောင်း၊ ခရမ်းသီးကို ရာသီမရွေး စိုက်ပျိုးနိုင်သောကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း သိရသည်။

ခရမ်းသီးကို ဧပြီလတွင် စိုက်ပျိုး၍စိုက်ပျိုးပြီး သုံးလကျော်အကြာ ဇူလိုင်လတွင် အသီးများ စတင်ခူးဆွတ်နိုင်ကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကို ပျိုးထောင်၍ ပျိုးပင်တစ်လခွဲအရွယ်တွင် စိုက်ပေါင်၌ ပေါင်ခတ်စနစ်ဖြင့် အတန်းလိုက် စိုက်ပျိုးကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ ခရမ်းသီးကို လေးရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး တစ်ဧကလျှင် စုစုပေါင်း ၂၀၀၀-၂၂၀၀ ပိဿာခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများက စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ကျောက်ဆည်၊ စဉ့်ကိုင်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြကြောင်း၊ အထွက်နှုန်းနှင့် ဈေးနှုန်းများကောင်းမွန်ပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း ခရမ်းသီးစိုက် တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

DOCA (မန္တလေး)

## ၂၁-၇-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ (ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ဧစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ရှောက်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၂၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၇၀၀၀ | ၂၈၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ |
| ၂ | လားရှိုး | ၅၀၀၀ | | ၈၀၀၀ | | ၇၉၇၉ | ၂၅၀၀၀ | ၃၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၈၀၀၀ | ၄၀၀၀၀ | ၄၈၀၀၀ | |
| ၃ | ကျိုင်းတုံ | ၅၂၀၀ | | ၇၇၀၀ | ၂၃၀၀၀ | - | ၁၅၅၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၆၅၀၀ | ၂၈၀၀ | ၁၁၅၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀၀ | ၁၈၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၆၉၆၄ | ၁၈၀၀၀ | ၂၂၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၂၀၀၀ | ၃၇၀၀၀ | ၂၂၀၀၀ |
| ၅ | လွိုင်ကော် | ၄၀၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၆၇၀၀ | ၁၆၀၀၀ | ၁၈၀၀ | ၇၅၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၂၄၀၀၀ |
| ၆ | ဘားအံ | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၆၈၀၀ | ၁၃၀၀၀ | ၂၄၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၃၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၅၀၀၀ | ၂၀၀၀၀ | ၆၇၃၂ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၂၀၀ | | ၅၅၀၀ | ၂၇၀၀၀ | ၇၁၀၀ | ၁၄၀၀၀ | ၂၄၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | | ၆၀၀၀ | ၁၅၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၄၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | |
| ၉ | မြိတ် | ၃၁၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၇၂၅၀ | ၁၂၅၀၀ | ၂၂၀၀ | ၁၁၀၀၀ | ၁၁၅၀၀ | | ၆၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၂၇၀၀၀ | ၄၀၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၄၅၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၁၀၀၀၀ | ၅၃၀၀ | ၅၄၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၃၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၅၀၀၀ | ၂၃၀၀၀ | ၆၈၅၀ | ၁၀၀၀၀ | ၁၈၀၀ | ၉၅၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၁၂ | ဟားခါး | | | ၁၁၀၀၀ | ၃၀၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၂၇၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၈၇၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၃ | မုံရွာ | ၃၇၀၀ | | ၆၆၀၀ | ၁၈၀၀၀ | ၆၉၅၀ | ၁၂၀၀၀ | ၂၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၅၅၀၀ | ၂၂၀၀ | ၉၈၀၀ | ၇၂၀၀ | ၉၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ |
| ၁၄ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၁၄၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၅၀၀ | ၉၃၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၃၆၀၀၀ | ၁၈၀၀၀ |
| ၁၅ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၆၈၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၁၃၀၀ | ၁၀၀၀၀ | | ၁၆၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | ၁၄၀၀၀ |
| ၁၆ | မကွေး | ၃၄၀၀ | | ၆၄၀၀ | ၁၇၀၀၀ | ၆၉၃၅ | ၁၁၀၀၀ | ၁၂၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၅၀၀ | ၈၈၀၀ | ၇၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၇ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၆၇၉၀ | ၁၁၅၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၁၈၀၀ | | ၆၇၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၈ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၆၇၉၀ | ၁၁၅၀၀ | ၁၈၀၀ | ၈၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၆၇၀၀ | ၉၀၀၀ | ၄၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၉ | ပျဉ်းမနား | ၂၈၀၀ | | ၆၀၀၀ | ၁၉၆၀၀ | ၆၇၅၁ | ၁၅၈၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၁၁၂၀၀ | ၁၁၃၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၁၀၀၀ | ၆၄၀၀ | ၈၂၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၇၂၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၀၀၀ | ၁၅၇၀၀ |
| ၂၀ | နေပြည်တော် | ၂၈၀၀ | | ၆၀၀၀ | ၁၉၈၀၀ | ၆၇၅၁ | ၁၆၀၀၀ | ၁၈၀၀ | ၁၀၄၀၀ | ၁၁၅၀၀ | ၁၁၇၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၄၀၀ | ၆၄၀၀ | ၈၅၀၀ | ၄၂၀၀ | ၅၅၀၀ | ၁၇၄၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၅၉၀၀ |
| ၂၁ | ကလေး | ၃၂၀၀ | | | ၂၂၀၀၀ | ၉၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၃၂၀၀၀ | ၅၈၀၀၀ | ၂၀၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
 (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
 (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
 (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
 (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
 (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၉ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် ပန်ချီဟတ်ရွာအနီး ကျိုင်းတုံ-တာချီလိတ် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၇၅၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် နာတလိကျေးရွာအနီး တာချီလိတ်-မိုင်းဆတ် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၁၅၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၆၁၉၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၃ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၅၂၇၂၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၅၂၇၂၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၂၁၈ တန်၊ အခြားသစ် ၀ ဒသမ ၁၄၆ တန်နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Dayan မော်တော်ဆိုင်ကယ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၉၉၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၁ ရက်တွင် နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၈၆၈ တန်၊ အခြားသစ် ၃၂ ဒသမ ၆၁၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၅၉၁၁၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၂၈၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၄၂၄၄)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၂၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ကိုးစီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၃၇ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၁၉ ရက်၊ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၇၂၃၀၅၁၈)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက် ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



ဘုရားကြီးမြို့ ဘုရားလေးကျေးရွာ ZTH ဆီဆိုင်အနီး၌ ဖမ်းဆီးရမိမှု။

## ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ ဝေါန်မြစ်ရေကြီးမှု အခြေအနေ

### မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ရှောင်ရှား

**နေပြည်တော် ဇူလိုင် ၂၁**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် အထက်သို့ ပေ၀က်ခန့်ကျော်လွန်နေပြီး နောက် ၃၆ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်လက်မခန့် ကျော်လွန်နေပြီး နောက် တစ်ရက်အတွင်း တစ်လက်မခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့် ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် မဒေါက်မြို့နှင့် ငါးသိုင်းချောင်းမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## မိုင်းခတ်မြို့အနီး အင်အားအနည်းငယ်ရှိ ငလျင်လှုပ်

**နေပြည်တော် ဇူလိုင် ၂၁**

ဇူလိုင် ၂၁ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၄၄ မိနစ် ၄၄ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၅၂ မိုင်ခန့်အကွာ မြန်မာနိုင်ငံပြည်တွင်း (မိုင်းခတ်မြို့၏ အနောက်ဘက် ၃၄ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၇၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒသမ ၉၃ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

**မိုး/ဇလ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ မဟာ ကိုယ်ပိုင် အထက်တန်းကျောင်း Grade-12 မှ မောင်ဇွဲတေဇအောင်နှင့် Grade-9 မှ မောင်ရဲတေဇအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်စိုး ၇/တငန(နိုင်)၁၀၀၂၇၄ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ပဲခူးမြို့၊ အ-မ-က(မူလွန်) ဗိုလ်ကုန်းကျောင်း Grade-5 ကျောင်းဝင်အမှတ် (၀၁၃၉)မှ စောထူးအယ်ဝါး၏ ဖခင်အမည်မှန်မှာ ဦးကိုအဲ(ခ)ဦးနေသူရဇော် ၇/ပခန (နိုင်)၂၅၅၄၃၈ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့၊ ပန်းတောရပ်ကွက်နေ အထက (သရက်ချောင်း) Grade-9 မှ မောင်လှုမ်းထက်ဝင်းအောင် နှင့် Grade-4မှ မောင်ဟိန်းဇေယျာမောင်တို့၏ ဖခင် ဦးဟန်ဝင်းအောင်၏ အမည်မှန်မှာ ဦးဝင်းအောင် ၆/သရခ (နိုင်)၀၄၁၃၃၂ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အထက(၃) ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် Grade-12မှ မောင်သီဟ ၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် သန်းခေါင်စာရင်းအရ ဦးလီကျင်းရှန် ၁၃/ကလတ (နိုင်) ၀၃၁၅၃၇ ဖြစ်ပါကြောင်း။

**ဦးလီကျင်းရှန်**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်76W/81880 ယာဉ်လက်ဝယ်ရှိသူ ဦးကျင်အောင် ၇/တငန(နိုင်)၀၁၁၁၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 45W/27059, Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စန်းမိုး ၉/ပသက(နိုင်)၀၉၄၉၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ပန်းပျိုးခင်း ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မမြတ်စုနိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်နိုင် ၇/ဖမန(နိုင်)၁၃၄၉၇၁ ဖြစ်ပါကြောင်း။

**ဦးမောင်နိုင်**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၈-၇-၂၀၂၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၈)ပါ ယာဉ်အမှတ် 76W/83482 ၏ ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း ကြော်ငြာတွင် ကညန၊ တိုင်းဒေသကြီးရုံး(မုံရွာမြို့) အစား ကညန၊ တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## လူပျောက်ကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ခါးတက်ကုန်းကျေးရွာနေ ဦး၀-ဒေါ်သန်းငွေးတို့၏သမီး မသော်တာနွယ် ၉/တသန (နိုင်)၂၄၀၁၆၈ အသက်(၂၇)နှစ် ခါးတက်ကုန်းကျေးရွာနေသူသည် ၁၈-၇-၂၀၂၅ရက် (သောကြာနေ့) တွင် မိတ္ထီလာမြို့တွင် ဈေးသွားဝယ်ရင်း နံနက် (၉:၄၅)နာရီတွင် ဖုန်းအဆက်အသွယ် လုံးဝမရရှိတော့ဘဲ ပျောက်ဆုံးသွားခဲ့ပါသည်။ မိဘများလည်း နေမကောင်းဖြစ်နေပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးဆက်သွယ်ပေးပါရန်။

**ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။**

**ဆက်သွယ်ရန်-ဖုန်း-၀၉-၉၅၁၅၈၅၇၃၄၊ ၀၉-၇၈၅၅၉၃၃၉၆၊ ၀၉-၉၇၈၅၅၃၁၁၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/90588, LUOJIA 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်တင်ဝင်း ၇/နတလ(နိုင်)၁၁၆၁၆၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(65W/66484) Honda Wave-100 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar Co;Ltd က ကမ-၃ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းအများသိစေရန်

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဗဟိုရ်စည်(၇)လမ်း၊ အိမ်အမှတ်(၂၁၅၂)နေ ဦးအောင်ကျော်နိုင် ၇/ပခန(နိုင်)၁၉၈၈၆၃ နှင့် ဇနီးဖြစ်သူ ဒေါ်မူမူမြင့် ၇/ပခန(နိုင်)၁၉၈၈၆၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ပဲခူးမြို့၊ နန်းတော်ရာရပ်ကွက်၊ ဗဟိုရ်စည်(၇)လမ်း၊ အိမ်အမှတ်(၂၁၅၂)နေ ဦးအောင်ကျော်နိုင် ၇/ပခန(နိုင်) ၁၉၈၈၆၃ နှင့်ဇနီးဖြစ်သူ ဒေါ်မူမူမြင့် ၇/ပခန (နိုင်)၁၉၈၈၆၄တို့၏ သမီးဖြစ်သူ မအဥ္စလီအောင်(ခ)မအိ ၇/ပခန(နိုင်)၃၇၃၁၁၄ သည် မိဘများရှာဖွေထားသော ပစ္စည်းဥစ္စာများကို ယုတ်လျော့အောင် ကြိမ်ဖန်များစွာ ပြုလုပ်သည့်အပြင် ၎င်းမွေးထားသည့် ရင်သွေးဖြစ်သူ သမီး(၂)လခွဲအရွယ်ကို နေအိမ်၌ထားရစ်ကာ ၁၈-၇-၂၀၂၅ရက်တွင် အထက်ပါမိဘနေအိမ်မှ မိဘပိုင်အဖိုးတန်ပစ္စည်းများအား မိဘများ မသိအောင်ယူဆောင်ပြီး၊ ၎င်းသဘောဆန္ဒအလျောက် ဆင်းသွားပါသည်။ ၎င်း၏ပြုလုပ်မှုကြောင့်မိဘများမှာ စိတ်ဆင်းရဲကိုယ်ဆင်းရဲ ဖြစ်ခဲ့ရပါသည်။ သို့ဖြစ်ပါ၍ မအဥ္စလီအောင်(ခ)မအိအား ယနေ့မှစပြီး သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့် ပတ်သက်သော ငွေကြေးကိစ္စအဝဝနှင့် အခြားသောကိစ္စအားလုံးသည် မိဘများနှင့် လုံးဝမသက်ဆိုင်ပါကြောင်း၊ မိဘများမှတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

| | |
|---|---|
| ဒေါ်ဇာဇာသက် ( ဥပဒေတွဲ) | ဒေါ်သဇင်စိုး(LL.B) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၉၄၇၀) | (စဉ်-၁၀၁၀၇/၂၉.၇.၂၀၁၄) |
| အမှတ်(၂၀၁၇ )ထန်းတပင်(၄)လမ်း၊ | အမှတ်-၁၇၆၊ ဗန္ဓုလလမ်း၊ |
| နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ | ရုံးကြီးရပ်ကွက် |
| ဖုန်း-၀၉၂၅၄၁၁၇၉၅ | ပဲခူးမြို့၊ ဖုန်း-၀၉-၇၉၇၁၃၃၃၀၀ |

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မောင်းမကန်ကမ်းသာလမ်း၊ မြေကွက်အမှတ်(၉၄၆)၊ မြေပေအကျယ် ပေ(၄၀x၆၀)၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်လီရှိ(ခ)ခင်ခင်ထွေး ၁/မကန(နိုင်)၀၉၁၈၃၆ က ယင်းမြေကွက်သည် အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့်လွှတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူကရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ်ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**

**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉) အမှတ်(၂၃၃/က+၂၃၄/က)၊**

**မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

# သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေး

သထုံ ဇူလိုင် ၂၁

မွန်ပြည်နယ် သထုံမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ အခြေခံ စားသောက်ကုန်များ သက်သာသော ဈေးနှုန်းတို့ဖြင့် ရောင်းချပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက သထုံခရိုင်ပြည်သူ့ဆေးရုံကြီး၌ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးစိုး၊ ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်ဝင်းဇော် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများ၊ သမားတော်များ၊ ခွဲစိတ်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ပေးအပ်ခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ဆန်ကုန်သည်ကြီးများအသင်း၊ ဆီကုန်သည်ကြီးများအသင်းနှင့် တာဝန်ရှိသူများပူးပေါင်းကာ သက်သာသောဈေးနှုန်းဖြင့် ဆန်၊ ဆီ၊ အသားငါး၊ ဟင်းသီးဟင်းရွက် စသည့် အခြေခံ စားသောက်ကုန်များ ရောင်းချပေးခြင်းတို့ကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပံ့ပိုးပေးခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**



## အမည်နှင့် မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ မြတ်မဟော် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-6တွင် ပညာသင်ကြားနေသော(ဘ) ဦးတူးကို ၏သား အမည်မှန်မှာ မောင်အံ့ဘုဏ်းမြတ်၊ မွေးသက္ကရာဇ်မှာ၂၅-၈-၂၀၁၃ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 11W/10929 ယာဉ်လက်ဝယ်ရှိသူ ဦးသက်ခိုင်ဦး ၉/မရမ(နိုင်)၀၀၃၇၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

**စာအုပ်စာပေလူ့မိတ်ဆွေ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ မြေကွက်အမှတ် (၆၂၈)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ခင်ညို (၁၂/မရက (နိုင်) ၀၆၂၂၀၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအေးမင်း (၁၃/ရစန (နိုင်) ၀၀၄၃၈၂) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ်(၁၀၁၀)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ဝင်းကြည်(၁၂/မရက(နိုင်) ၀၉၇၄၅၇) အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ဝတ်ရည်မိုး(၁၂/အစန(နိုင်) ၁၈၄၀၃၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးဇော်မျိုးနိုင် | ဦးတင်ကိုလှိုင် |
| LL.B, D.B.L, | LL.B, DIPL |
| အထက်တန်းရှေ့နေ (စဉ်-၄၅၆၅၃) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၆၀၉) |

အမှတ်(၇၂)၊မြေညီထပ်၊ ငမိုးရိပ်(၁၀)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။

